# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၃၂)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၁၃ ရက် ၊ ၁၀-၄-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ရန်အောင်မြင်ဆည်နှင့် ရွှေကြာပင်ရပ်ကွက်၊ မြို့နယ်အားကစားကွင်းရှိ ရွှေ့လျားယာယီဆေးရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ရန်အောင်မြင်ဆည်တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် ယာယီဆေးရုံရှိ လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

စာမျက်နှာ ၂၄ သို့ ☆




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ် ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ၏ ရွှေ့လျားဆေးရုံတွင် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကြည့်ရှုအားပေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဧပြီ ၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဧပြီ ၁၀ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှု လွယ်ကူစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးငလျင်ဒဏ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးနှင့် နေပြည်တော်လေဆိပ်များကို ငလျင်ဒဏ်ကြောင့် လိုအပ်သည့် ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်များကို ဧပြီ ၄ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ ဧပြီ ၅ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အတွက် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မင်္ဂလာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ ခရီးစဉ်များ ပုံမှန် ပျံသန်းပေးလျက်ရှိရာ လေးရက်တာကာလအတွင်း လေယာဉ်ခရီးစဉ်ခေါက်ရေ ၅၀ ပြေးဆွဲပေးနိုင်ခဲ့သည်။

ထို့အပြင် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ လိုအပ်လျက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ပို့ဆောင်ပေးမည့် နိုင်ငံတကာမှ ကယ်ဆယ်ရေးလေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ မတ် ၂၉ ရက်မှစ၍ နေ့စဉ်ဆင်းသက်ပေးလျက်ရှိရာ ဧပြီ ၇ ရက်အထိ စုစုပေါင်းလေယာဉ် ၉၂ စင်း ဆင်းသက်နိုင်ခဲ့သည်။ ပြည်ပမှလာရောက်သည့် ကယ်ဆယ်ရေးလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား စက်ယန္တရားအင်အားတို့ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်းကလည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှေ့ဆောင်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီကလည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် MC-Jalux Airport Services ကုမ္ပဏီကလည်းကောင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင်လည်း မန္တလေးနှင့် စစ်ကိုင်းမြို့အကြား လူနှင့် ကုန်စည် စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် မန္တလေး(ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ကုန်တင်ကားကြီးများ မြစ်ကူးပို့ဆောင်ခြင်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ အခမဲ့ဖြင့် ကုန်တင်ယာဉ် ၉၀၂ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၅၅၁ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ဧပြီ ၇ ရက်မှစ၍ ကယ်ဆယ်ရေးပစ္စည်းသယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်များအား အခမဲ့ဆက်လက်ပို့ဆောင်ပေးလျက်ရှိသည်။ ကျန်ရှိနေသည့် ပုဂ္ဂလိက ကုန်တင်ယာဉ်များကို သတ်မှတ်နှုန်းထားဖြင့် ကောက်ခံပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့်လည်း ပြည်သူများ ခရီးသွားလာမှု၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ လွယ်ကူချောမွေ့စေရေး ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းနေရာအချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အမြန်ဆုံးပြင်ဆင်ပြီး ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## Sky Villa အဆောက်အအုံ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရာသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လင်းနိုင်စိုးနှင့်အဖွဲ့ လာရောက်ကြည့်ရှုမှာကြား





**မန္တလေး ဧပြီ ၉**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ လမ်း၆၀၊ ၂၂ လမ်းနှင့် ၂၂(B) လမ်းကြားရှိ ၁၁ ထပ်အဆောက်အအုံ Sky Villa ကွန်ဒိုအဆောက်အအုံ ပြိုကျရာသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လင်းနိုင်စိုးနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က မော်တော်ယာဉ်တန်းဖြင့်ရောက်ရှိခဲ့ပြီး ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။




ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ထွန်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ကယ်ဆယ်ရေးဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့ကြသည်။ ထို့နောက် ကူညီကယ်ဆယ်ရေး လုပ်ငန်းခွင်ရှိ ကရိန်းနှင့် စက်ယန္တရားများအား ကြည့်ရှုစစ်ဆေးမှာကြားခဲ့ပြီး ၁နာရီ ၅၀မိနစ်အချိန်တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

(၀၉၅)

## ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃) ဒေါနဘွားရပ်ကွက်၊ အုတ်စက်ရှာလယ်မှော်ရုံနှင့် အမရပူရမြို့နယ်၊ ပွဲတော်ဘုန်းကြီးကျောင်းလမ်းအနီး၊ ရွာလယ်လမ်းဆုံ ကျုံတန်းရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။ (ယာပုံ)

သက်သာဈေးရောင်းချပေးမည့်အစီအစဉ်ကို ဧပြီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ် ၈၂လမ်း၊ ထီးတန်းပဲတန်းလမ်း၊ တမ္ပဝတီရပ်ကွက်၊ မုခ်ဦးတန်း မှော်ရုံအနီးတွင်လည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ် ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ စိန်ပန်းရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ ဧပြီ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ အကွက်အမှတ် (၁၀၀)၊ မင်းတဲအီးကင်းရပ်ကွက်



ရုံးရှေ့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ (ဂ)ရပ်ကွက်တွင် လည်းကောင်း၊ ဧပြီ ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် ၇၂ လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်မှော်ရုံ၊ အထက (၁)ကျောင်းအနောက်ဘက်၊ လေးစုလမ်း၊ လေးစုရပ်ကွက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

✰ စာမျက်နှာ ၂၄ မှ

ယာယီဖွင့်လှစ် ကုသပေးလျက်ရှိသည့် အမေရိကန် အခြေစိုက် Samaritan's Purse International Relief Organization က ရွှေလျားဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံ Dr. Elliott Tenpenny က ဆေးရုံ၌ လူနာများ ခွဲစိတ်ကုသပေးနေမှုနှင့် ဆေးရုံဖွင့်လှစ်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေလျားဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်မှုအတွက် အမေရိကန်နိုင်ငံအစိုးရနှင့် အမေရိကန်ပြည်သူလူထုအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**ကျေးဇူးတင်ရှိ**

ထို့နောက်အမေရိကန်ဆေးကုသရေးအဖွဲ့မှ တာဝန်ခံက မြန်မာနိုင်ငံသို့ မိမိတို့ လာရောက်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်ပေးသည့်အတွက် မိမိတို့အနေဖြင့် လူနာများကုသရာတွင် ပိုမိုအဆင်ပြေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**လူနာ ၆၀ အား ကုသပေးနိုင်ရန် အတွက် ခုတင် ၆၀ ခန့်ရှိ ယာယီဆေးရုံဖြစ်**

အဆိုပါ ရွှေလျားဆေးရုံမှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်း တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပူးပေါင်း၍ ကွန်တိန်နာ ဘောက်များဖြင့် ဆောက်လုပ်ထားသည့် အရေးပေါ် ခေတ်မီရွှေလျားဆေးရုံ ဖြစ်ပြီး ပြင်ပလူနာဌာန၊ အရေးပေါ်ကုသမှုဌာန၊ ခွဲစိတ်ခန်း၊ ဆေးစတိုနှင့် ဓာတ်ခွဲခန်းတို့ ပါဝင်ကြောင်း၊ လူနာ ၆၀ အား ကုသပေးနိုင်ရန်အတွက် ခုတင် ၆၀ ခန့် ယာယီဆေးရုံဖြစ်ကြောင်း၊ အဆိုပါ ယာယီဆေးရုံတွင် လူနာမျိုးစုံအား အခမဲ့ကုသပေးခြင်း၊ ခွဲစိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါအဖွဲ့တွင် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ခွဲစိတ်ဆရာဝန်၊ အရိုးကုဆရာဝန်များ အပါအဝင် ပါရဂူနှင့် သူနာပြုများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်ဆေးကုသရေးအဖွဲ့အနေဖြင့် ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဧပြီ ၇ ရက်မှစတင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူနာ ၂၀ အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ဧပြီ ၁၀ ရက်တွင်လည်း အထူးကြပ်မတ်ဆောင် တစ်ဆောင်နှင့် ခွဲစိတ်ခန်း နှစ်ခန်းကို ထပ်မံဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ၏ ရွှေလျားဆေးရုံတွင် ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးစဉ်။

## မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမဏ္ဍလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ သမ္မတနှင့် နိုင်ငံတော်အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် ဧပြီ ၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်း မဏ္ဍလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ဘရာဇီးလ်ဖက်ဒရယ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူဝစ် အင်နာ စီအို လူလာ ဒါ စီးလ်ဗားက လည်းကောင်း၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံ၌ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရပါကြောင်း၊ သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိတို့အနေဖြင့် အထူးပင် ဝမ်းနည်းမိပါကြောင်း၊ ဤဝမ်းနည်းဖွယ် ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏ စိတ်ခွန်အားကို ပေးလိုပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံး ပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်အိုးအိမ်များဆုံးရှုံး၍ ပစ္စည်းဥစ္စာများ ပျက်စီးခဲ့မှုအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အားသွန်ခွန်စိုက်ဖြင့် ကြိုးပမ်းအားထုတ်လုပ်ဆောင်နေမှုများနှင့် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အမြန်ဆုံး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားကြောင်း သိရသည်။

သတင်းစဉ်

အဆွေတော်

ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

ဘရာဇီးလ်ပြည်သူများနှင့် အစိုးရကိုယ်စား မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအား ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် အထူးပင်ဝမ်းနည်းမိပါသည်။ ဤဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏စိတ်ခွန်အားကို ပေးလိုပါသည်။

ချစ်ကြည်ရင်းနှီးသော မြန်မာနိုင်ငံနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံး ပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါသည်။

မစ္စတာ လူဝစ် အင်နာစီအို လူလာ ဒါစီးလ်ဗား

သမ္မတ

ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်

အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အပေါ်အခြေခံ၍ နီပေါနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် တရားဝင် သံတမန်ဆက်သွယ်မှုကို ထူထောင်ပြီး ချိန်မှစတင်၍ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ၏ ခရီးစဉ်များနှင့် အပြန်အလှန် သွားရောက်လည်ပတ်မှုများသည် မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ မိမိအနေဖြင့် နီပေါသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မိမိတို့အပေါ် နွေးထွေးသည့်ဧည့်ဝတ်ပျူငှာမှုတို့အား ကောင်းမွန်စွာ ပြန်ပြောင်းသတိရမိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ သနားကြင်နာမှုနှင့် ချစ်ခင်ရင်းနှီးမှုတို့၏ ရှေ့ဆောင်လမ်းပြ ဂေါတမဗုဒ္ဓ၏ သင်ကြားပြသမှုတို့ဖြင့် မိမိတို့နှစ်နိုင်ငံပြည်သူများအနေဖြင့် နီးကပ်သည့် လူမှုယဉ်ကျေးမှုဆက်ဆံရေးကို ထိန်းသိမ်းထားရှိလျက်ရှိပြီး မိမိတို့အကြား ပျော်ရွှင်မှုများနှင့် ဝမ်းနည်းဖွယ်များကို မျှဝေရာတွင် အထောက်အကူပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၈-၃-၂၀၂၅ ရက်တွင် ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူရှိ ပျက်စီးဆုံးရှုံးမှု များပြားသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံး၍ ပစ္စည်းဥစ္စာများ ပျက်စီးမှုများအတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ဘေးအန္တရာယ်ကြောင့် ထိတ်လန့်တုန်လှုပ်ဖွယ်ဓာတ်ပုံများကို သတင်းမီဒီယာများနှင့် လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ကြေကွဲဝမ်းနည်းရပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ဝမ်းနည်းပူဆွေးရသည့် အချိန်တွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှတစ်ဆင့် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာ ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။ ငလျင်ကြောင့် တန်ဖိုးရှိသည့် အသက်အိုးအိမ်များ ဆုံးရှုံးရသူများအတွက် မိမိကဝမ်းနည်းရပါကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ဆုံး သက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

နီပေါနိုင်ငံအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် အလားတူ ငလျင်ဘေးနှင့် တွေ့ကြုံခံစားခဲ့ရပါသည်။ အဆိုပါဘေးအန္တရာယ်ကြောင့် နီပေါပြည်သူ ၁၀၀၀၀ ဦးကျော် အသက်ဆုံးရှုံးခဲ့ပြီး သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ အစိုးရရုံးဌာနများနှင့် ပြည်သူများ၏ နေအိမ်များအပါအဝင် အဆောက်အအုံ ၅၀၀၀၀၀ ကျော် ပျက်စီးခဲ့ရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ခံစားနေရသည့် နာကျင်မှုကို မိမိတို့အနေဖြင့် များစွာ စာနာထောက်ထားဖြစ်မိပါသည်။

မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်တင်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဟု ယုံကြည်ပါသည်။

ကျေးဇူးတင်ပါသည်။

ဘီဒီယာ ဒေဗီ ဘန်ဒါရီ

လျှပ်စစ်သုံးလျှင် သတိယှဉ်

ဝန်အားမမျှ မသုံးရ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Julie Bishop အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Julie Bishop အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော် ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငလျင်ဘေးသင့်ပြည်သူများကို ကူညီပံ့ပိုးပေးနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။ အထူးကိုယ်စားလှယ် ကလည်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများအတွက် ဝမ်းနည်းပါကြောင်းနှင့် စာနာ ထောက်ထားမိပါကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ပြန်လည်ထွက်ခွာ



နေပြည်တော် ဧပြီ ၉

မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော တရုတ် နိုင်ငံမှအရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ၎င်းတို့ လုပ်ငန်းတာဝန်များပြီးဆုံးသဖြင့် တရုတ် နိုင်ငံမှ Y-20 အမျိုးအစားလေယာဉ်လေးစင်းဖြင့် နေပြည်တော်ရှိ တပ်မတော်လေဆိပ်မှ တရုတ်နိုင်ငံ သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြ သည်။

အဆိုပါအဖွဲ့များအား အမျိုးသားသဘာဝ ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ (၁)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် China International Search and Rescue Team (CISAR) (Beijing)၊ Chinese Blue Sky Search and Rescue နှင့် Hong Kong China Search and Rescue Team တို့ပါဝင်ပြီး မြန်မာနိုင်ငံသို့ အစောဆုံးနှင့် ပထမဆုံးရောက်ရှိ လာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သည်။ အဆိုပါအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေ နှင့် မန္တလေးမြို့တို့၌ အရေးပေါ်ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အား ပေးပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ တရုတ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို လူသားချင်းစာနာ ထောက်ထားမှုစိတ်ထားဖြင့် နေ့/ညမပြတ် အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ လေးဦး၊ သေဆုံးသူ ၆၄ ဦးတို့ကို ရှာဖွေထုတ်ယူပေး နိုင်ခဲ့ပြီး သက်ဆိုင်ရာမိသားစုများထံ အပ်နှံပေးနိုင်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် ဧပြီ ၉

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင် ကြောင့် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ၌ နေထိုင် လျက်ရှိသည့် စေတနာရှင်များက စင်ကာပူဒေါ်လာ ၃၁၅၀၊ Japan Myanmar Association (JMA)၊ Vice Chairman, Yusuke WATANABE က ငွေကျပ် သိန်း ၁၀၀၊ Bright Time Logistics Co.,ltd က သိန်း ၁၀၀ တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန DMC ရုံး၌ လာရောက် လှူဒါန်းကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငလျင် ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငွေကျပ် သိန်း၄၀၀ ငါးရာအား လာရောက်လှူဒါန်းခဲ့ရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စစ်ကိုင်းစက်မှုဇုန်ရှိ လုပ်ငန်းရှင်များ၊ စစ်ကိုင်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ချာလီသန်းသည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း စက်မှုဇုန်ခန်းမ၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များ၏ ပကတိအခြေအနေမှန်နှင့် လုပ်ငန်းရှင်များ၏ လိုအပ် ချက်များကို ကူညီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အလုပ်ငန်းရှင်များ အနေဖြင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ပွင့်ပွင့် လင်းလင်းတင်ပြမှသာ ထိရောက်သည့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင် ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများကို စာရင်း ပြုစုထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို အဆင့်လိုက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေစက်ရုံများ၊ သံ နှင့် သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ် စက်ရုံများ၊ အထပ်သားစက်ရုံများ စသည်တို့ကိုစွမ်းအား ပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင် ရွက်ပေးလျက်ရှိကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲရေး



ကော်မတီ ဥက္ကဋ္ဌက စက်မှုဇုန်အတွင်း စက်ရုံအလိုက် ပျက်စီးခဲ့မှုအခြေအနေ၊ စက်မှုလုပ်ငန်းရှင်များမှ ငလျင် လှုပ်ခတ်မှုကြောင့် စက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့ ၍ ပြည်ပမှတင်သွင်းခွင့်ရရှိရေး၊ စက်သုံးဆီရရှိရေး၊ ကုန်ကြမ်းများသယ်ယူခွင့်ရရှိရေး၊ ဘိလပ်မြေရရှိရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စု ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်ဌာန ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တွေ့ဆုံ၍ စက်မှုဇုန်များ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ စက်မှုဇုန်အတွက် လိုအပ်သည့်ကုန်ကြမ်း များနှင့် စက်သုံးဆီများအား ရေလမ်းမှ သယ်ယူနိုင် ရေးအတွက်ဆိပ်ကမ်းအသစ်များ တည်ဆောက်နိုင် ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဏ္ဍိုင်စက္ကူစက်ရုံတွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများကိုလည်း ကောင်း၊ Triple Circle industry Co., Ltd. ၏ ဝါယာနှင့် ကေဘယ်ထုတ်လုပ်သည့်စက်ရုံအတွင်းရှိ အဆောက်အအုံနှင့် စက်ပစ္စည်းများ ပျက်စီးခဲ့မှုအခြေ အနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်း မြို့တွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင် လျက်ရှိသည့် ဝန်ထမ်းများအား စစ်ကိုင်းခရိုင်စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးရုံး၌ တွေ့ဆုံ၍ ငလျင် ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံ စက်ပစ္စည်းစာရင်းများကို ဓာတ်ပုံမှတ်တမ်းနှင့် အတူ ပြုစုတင်ပြရန်၊ စက်မှုလုပ်ငန်းအစီအစဉ်ဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်များကိုလည်း ဆောင်ရွက် သွားရန်၊ ခြစည်းရိုးကာရံနိုင်ရေး စီမံဆောင်ရွက်ရန် စစ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် စက်ရုံများ၊ စက်ရုံအဆောက်အအုံများ တည်ဆောက် မည်ဆိုပါက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စနစ်တကျကြပ်မတ် စစ်ဆေးသွားရန်၊ စက်ရုံများပြန်လည်လည်ပတ်နိုင် ရေးအတွက် စက်ရုံရှိအဆောက်အအုံများ၊ စက်ပစ္စည်း များအား စစ်ဆေးရန်အဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် စက်ရုံများအနေဖြင့် စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံ စာပါ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက် ကြရန် လမ်းညွှန်မှာကြားပြီး စစ်ကိုင်းမြို့တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း ၆၉၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၉၄ သိန်းအား ပေးအပ်၍ အားပေးစကား များ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ

နေပြည်တော် ဧပြီ ၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ သွားလာရေးအဆင်ပြေချော မွေ့စေရန်အတွက် လေကြောင်း ပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်း ပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့် တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက် ပေးနေမှုများကို နေ့စဉ်သတင်း ထုတ်ပြန်ပေးလျက်ရှိသည်။

မန္တလေး (ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်း တို့အကြား ဧရာဝတီမြစ်ကူး ကူးတို့ခရီးလမ်းတွင် ပို့ဆောင်ရေး အနေဖြင့် မတ် ၃၁ ရက်မှ ယနေ့ အထိ မြစ်ကူးပို့ဆောင်ရေးကို ကုန်တင်ယာဉ် ၁၅၃၈ စီး၊ လူစီး မော်တော်ယာဉ်ငယ် ၇၄၄ စီး တို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ သည်။ ၎င်းယာဉ်များအနက် ကယ်ဆယ်ရေး ပစ္စည်းတင် ကုန်တင်ယာဉ်သုံးစီးကို အခမဲ့ သယ်ဆောင်ပေးခဲ့သည်။

နိုင်ငံတကာမှ လေယာဉ်များ ဖြင့် လာရောက်ပို့ဆောင်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာ နှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေး အဖွဲ့များကို ရန်ကုန်အပြည်ပြည် ဆိုင်လေဆိပ်၊နေပြည်တော်အပြည် ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်များ သို့ မတ် ၂၉ ရက်မှ စတင်၍ ယနေ့ အထိ စုစုပေါင်း လေယာဉ် ၁၀၄ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ် ရေးပစ္စည်း စုစုပေါင်း ၁၉၆၆ ဒသမ ၈၄၉ တန်ရောက်ရှိ ပြီးဖြစ်သည်။ အဆိုပါကယ်ဆယ်ရေး လေယာဉ် များအတွက် သက်ဆိုင်ရာလေဆိပ် အလိုက် မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများကို လူအင်အား စက်ယန္တရားအင်အားဖြင့် အခမဲ့ ဝန်ဆောင်မှု ပေးလျက်ရှိသည်။

ပြည်တွင်းလေယာဉ် ခရီးစဉ် များကို ဧပြီ ၄ ရက်မှစ၍ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဧပြီ ၅ ရက်မှစ၍ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ မြန်မာ အမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မဂ်လာ လေကြောင်း၊ အဲယားသံလွင် လေကြောင်းလိုင်းတို့မှ လေယာဉ် ခရီးစဉ် စုစုပေါင်း ၈၃ ခေါက် ပြေးဆွဲပေးနိုင်ခဲ့သည့် အတွက် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာလျက်ရှိ ကြောင်း သိရသည်။

ရထားပို့ဆောင်ရေး ကဏ္ဍတွင် လည်း ငလျင်ဒဏ်ကြောင့် ပျက်စီး ခဲ့သည့် ရန်ကုန်-မန္တလေး ရထား လမ်းပိုင်း နေရာအချို့အား ပြုပြင် ပြီးစီးပြီဖြစ်၍ ယခုအခါ ခရီးသွား ပြည်သူများ အဆင်ပြေချောမွေ့ စွာ သွားလာနိုင်ရေးအတွက် ဧပြီ ၅ ရက်မှစ၍ ရန်ကုန်-နေပြည် တော်လမ်းပိုင်း၌ အမှတ် ၇ အဆန်၊ ၈ အစုန် DEMU အမြန် ရထားခရီးစဉ်များ၊ နေပြည်တော်- မန္တလေးလမ်းပိုင်း၌ အမှတ် ၂၇ အဆန်၊ ၂၈ အစုန် လေအိတ်အမြန် ရထားခရီးစဉ်များနှင့် ရန်ကုန်- မန္တလေးလမ်းပိုင်း တစ်ခုလုံး၌ အမှတ် ၁၁ အဆန်၊ ၁၂ အစုန် အမြန်ရထား ခရီးစဉ်များကို နေ့စဉ် ပုံမှန်ပြေးဆွဲပေးနေပြီ ဖြစ်သည်။ ထို့ပြင် ကုန်ရထားခရီး စဉ်များကိုလည်း ပိုမိုတိုးချဲ့ ပြေးဆွဲ၍ ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်လာစေရေး အတွက် အထောက်အကူပြု ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်- ကြံခင်းလမ်းပိုင်းတို့၌လည်း ပုံမှန် ရထားခရီးစဉ်များကို နေ့စဉ်ပြေးဆွဲ ပေးလျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေး ကဏ္ဍတွင် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများ အတွင်း မိုဘိုင်းဆက်သွယ်ရေး စခန်း ၆၇၀၀ ကျော်ဆက်သွယ် မှုပြတ်တောက်ခဲ့ရာ စခန်းပေါင်း ၆၀၀၀၊ ၉၀ ရာခိုင်နှုန်းပြုပြင် ကောင်းမွန်ပြီဖြစ်၍ ကျန်ရှိနေသည့် စခန်းများကိုလည်း ဆက်လက် ပြုပြင်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့် မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်သည် ဧပြီ ၈ ရက်တွင် ဆရာအတတ်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာပြည်စိုးသိမ်း၊ တာဝန်ရှိသူများနှင့် အတူ မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိ ခဲ့ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ကျောင်းဆောင် များ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဖွင့်လ ကျောင်းဖွင့်ချိန်တွင် သင်ကြားအသုံးပြုနိုင်မည့် စာသင်ခန်းများကို ကြည့်ရှုသည်။

ယင်းနောက် ဆရာ ဆရာမ၊ ဝန်ထမ်းများအား စားသောက်ကုန်များကို ပေးအပ်ကာ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်းတက်ရောက်နေ သော သင်တန်းသား ဆရာ ဆရာမများအား စာသင် ခန်းများတွင် တွေ့ဆုံအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာ တက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်နှင့်မန္တလာတက္ကသိုလ်တို့သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်မှု များကို ကြည့်ရှုစစ်ဆေးကာ ဖွင့်လတွင် တက္ကသိုလ် များ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သဖြင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေး၊ ပြန်လည်ပြုပြင်နိုင်သည်များ ကို ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျပြန်လည်ပြုပြင် ရေး၊ ငလျင်ဒဏ်သင့်ခဲ့သော ကျောင်းများကို အင်ဂျင် နီယာများနှင့်စနစ်တကျစစ်ဆေး၍ မှတ်ချက်ရယူရေး၊ ငလျင်ဒဏ်ထိခိုက်ခဲ့သော ဝန်ထမ်းမိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေရေး ကိစ္စရပ်များကို ဆွေးနွေးပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပြီး ဝန်ထမ်းများ အား ဆန်အိတ်များကိုပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် မိတ္ထီလာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ တွင် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ သင်တန်းသား ဆရာဆရာမများကို တွေ့ဆုံအားပေး သည်။ ထို့ပြင် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဘယ်လင်း အခြေခံပညာအထက်တန်းကျောင်းတွင် မျက်နှာကြက်များနှင့် နံရံများပြိုကျပျက်စီးမှု၊ မြေကျွံ ကျမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားမှုအရှိန် အဟုန်မပြတ်စေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို ညှိနှိုင်းပေါင်းစပ်ကာ ဆရာ ဆရာမ များအား အားပေးစကားပြောကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးမြို့ရှိ ဝန်ကြီးဌာနမှ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းများအား တွေ့ဆုံအားပေး



နေပြည်တော် မေ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယမန်နေ့ ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ရေဝတီဖောင်ဒေးရှင်းနှင့် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များက ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများအတွက် လာရောက်လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးသည်။

**အားပေးစကားပြောကြား**

ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း/အမှုထမ်းများအား မန္တလေးစွမ်းဟိုတယ်၌ တွေ့ဆုံစဉ် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်အတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ယာယီနေရာချထားပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်ကြရေး၊ ကျန်းမာရေးနှင့် အသိသတိဖြင့် နေထိုင်ကြရေး၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် စာရင်းဇယားများဖြင့် စနစ်တကျထိန်းသိမ်းထားရှိရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ၂၉ လမ်းပေါ်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အဆောက်အအုံနှင့် ၇၁ လမ်းရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာသို့သွားရောက်ကာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းခြံဆိပ်ကမ်းသို့သွားရောက်ကာ ခရီးသွားဆွဲဆောင်ရာနေရာများနှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အလွယ်တကူသိရှိနိုင်ရန် ဝန်ကြီးဌာနမှ ဆောင်ရွက်ထားသည့် သတင်းပြန်ကြားရေးကောင်တာအား ကြည့်ရှုစစ်ဆေးကာ ခရီးသည်များကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဘာသာစကားနှင့် အသိပညာဗဟုသုတပြည့်စုံနေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရေး၊ ခရီးသွားဧည့်သည်များအတွက် လိုအပ်သည့်သတင်းအချက်အလက်များ ပြည့်စုံစွာထားရှိနိုင်ရေး စီမံဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် Aung Myint Mo Hotel သို့သွားရောက်ကာ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုပြီး ဟိုတယ်တာဝန်ရှိသူများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မန်းစည်ပင်မှ အခကြေးငွေတောင်းခံခြင်းမရှိဘဲ ယာဉ်၊ စက်ယန္တရားများဖြင့် ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေ

မန္တလေး မေ ၉

မန္တလေးမြို့ပေါ်တွင် ငလျင်ဘေးဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်နေသည့် ပျက်စီးဆုံးရှုံးမှုများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လူအင်အား၊ ယာဉ်၊ စက်ယန္တရားများဖြင့် ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရာတွင် အခကြေးငွေ တောင်းခံခြင်းလုံးဝမရှိကြောင်းနှင့် ကယ်ဆယ်ရေး၊ အဆောက်အအုံပျက်များ ဖယ်ရှားရှင်းလင်းရေးများနှင့် ပတ်သက်၍ ကွပ်ကဲရေးရုံး၊ ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(အပေါ်ပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကယ်ဆယ်ရေးနှင့် ဖယ်ရှားရှင်းလင်းရေး၊ သန့်ရှင်းရေးနှင့် ရေရှိရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင်လည်း အခွန်ဆောင်ခြင်းနှင့် စည်ပင်သာယာ၏ ပုံမှန်လုပ်ငန်းစဉ်များကို နေ့စဉ် ရုံးဖွင့်ရက်အတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

# ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၉

ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးသည် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိစာရင်းစစ်ရုံးများသို့ မေ ၈ ရက်နှင့် ၉ ရက်တို့တွင် သွားရောက်ပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ပေးအပ်**

ဦးစွာ ဒုတိယစာရင်းစစ်ချုပ်သည်ပျော်ဘွယ်မြို့နယ်၊ရမည်းသင်းမြို့နယ်နှင့် ကျောက်ဆည်ခရိုင်မြို့နယ် စာရင်းစစ်ရုံးများနှင့် စဉ့်ကိုင်မြို့နယ် စာရင်းစစ်ရုံးများသို့ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပျက်စီးမှု၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ၏ ယာယီနေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများကို အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မေ ၈ ရက် မွန်းလွဲပိုင်းတွင် ဒုတိယစာရင်းစစ်ချုပ်သည် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးသို့ ရောက်ရှိပြီး ငလျင်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ရုံးလုပ်ငန်းစီမံဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ လုပ်ငန်းများ စနစ်တကျနှင့် ပြည့်စုံမှုရှိစွာ ဆောင်ရွက်စေရေးနှင့် ပျက်စီးအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက်မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးများနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယနေ့တွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိတ္ထီလာခရိုင် စာရင်းစစ်ရုံး၊ တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် စာရင်းစစ်ရုံးများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၁)အနိုင်၊ အရှုံး | NGB | | |
|---|---|---|---|
| အောက်ဖို့ဒ် | ၁ - ၃ | ကျူပီအာ | |
| ဆွမ်ဆီး | ၃ - ၀ | ပလိုင်းမောက် | |

# ကြိုတင်ကာကွယ် မုန်တိုင်းဘေးအန္တရာယ် အသိပညာပေး Talk Show ကျင်းပ




တောင်တွင်းကြီး မေ ၉

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် သတိပြုကာကွယ် ငလျင်ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး Talk Show ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃)ဒေါ်မိုင်စန်းသီတာဌေးတို့က မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရမည့် အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ် လိုက်နာရန် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ် ရှောင်ရှားသင့်မည့် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် လိုအပ်သည့် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ၊ မုန်တိုင်း၏ အရောင်ညွှန်းကိန်းများအကြောင်း စသည်တို့အား အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

နောင်နောင်(မိသနီးမြေ)

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဧပြီ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့်ခဲ့သော ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းလှူဒါန်းသော Hygiene Kit များကို လည်းကောင်း၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ပေးအပ်သည်။ ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် စစ်ကိုင်းမြို့ ကမ်းနားလမ်းရှိ ငလျင်ဒဏ်သင့်



ပြည်သူများအတွက် သောက်သုံးရေသန့် ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီရွှေ့ပြောင်းနေထိုင်မည့် ဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နိုင်ရေးအတွက် မြေနေရာရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ မိုးရာသီမတိုင်မီ လုံခြုံမှုရှိသည့် အမိုးအကာအောက် ရောက်ရှိရေး အမြန်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် Hygiene Kit၊ ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ပေးအပ်ပြီး မြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက် ပြိုကျပျက်စီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ Hygiene Kit များ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး)သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများနှင့် ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun(Good Brother's) ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တန် ၁၅၀ ကျဆန်စက် တည်ဆောက်နေမှုနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေးနို့ချက်စက်ရုံ ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ၊ Hygiene Kit များ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းခရိုင်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ရုံးအဆောက်အအုံများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဧပြီ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးဟောင်းသို့ သွားရောက်၍ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် မြေငလျင်ဒဏ်ကြောင့် အဆိုပါ မြို့နယ်ရုံးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးရှိ မြို့နယ်ဦးစီးမှူးအား သွားရောက်၍ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရုံးခန်းများ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် အလေးထားဆောင်ရွက်ပေးရေးနှင့် ဌာန၏လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြားကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို လိုက်လံဝေငှပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်



ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ်ဦးစီးမှူးရုံးနှင့် စဉ့်ကိုင်မြို့နယ်ဦးစီးမှူးရုံးတို့သို့ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်များကို ဝေငှပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့သို့ သွားရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ်ဦးစီးမှူးရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၌ စစ်ကိုင်းခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြင်းမူနှင့် မြောင်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ဝေငှပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ ကချင်ပြည်နယ်မှ ယာယီရွှေ့ပြောင်းရောက်ရှိနေသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ဝေငှထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးမှူးရုံး ရုံးခန်းများအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီး/ဆုံးရှုံးမှုအခြေအနေများ၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ နွားထိုးကြီးနှင့်မတ္တရာမြို့နယ်ဦးစီးမှူးရုံးတို့မှ ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံး ပြိုကျပျက်စီးမှုနှင့် ယာယီရုံးဖွင့်လှစ်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံး၌ ရုံးနံရံများနှင့် မျက်နှာကြက်များ ထိခိုက်ပျက်စီးမှုနှင့် ယာယီရုံးဖွင့်လှစ်ထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၉ ရက်နေ့အထိ သေဆုံးသူ ၃၅၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၅ ဦးနှင့် ပျောက်ဆုံးသူ ၁၄၅ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း/ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှ လေယာဉ် ခုနစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ချိန် ၃၅၉ ဒသမ ၀၆၇ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း/ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သေဆုံး/ဒဏ်ရာရနှင့် ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ဝန်ထမ်း/မိသားစုများအား ထောက်ပံ့မှုများပေးအပ်



နေပြည်တော် ဧပြီ ၉

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သေဆုံး/ဒဏ်ရာရနှင့် ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ဝန်ထမ်း/မိသားစုများသို့ ထောက်ပံ့မှုပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌက အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်ကြောင့် သေဆုံးသူဝန်ထမ်း တစ်ဦး၊ သေဆုံးသူမိခို တစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ဝန်ထမ်း နှစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူမိခို တစ်ဦး၊ ငလျင်ဘေးသင့်ဝန်ထမ်းနှင့် မိခိုမိသားစုဦးရေ ၂၀၂၃ ဦးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ လာရောက်ကူညီဆောင်ရွက်သူ ဝန်ထမ်း ၁၃၃ ဦးတို့အား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ အောင်မြေသာစံမြို့နယ် ၈၁ လမ်းနှင့် လမ်း ၂၀ ထောင့်ရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၂၈ လမ်းထောင့်ရှိ ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာ နှစ်တိုင် စင်ပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ချမ်းမြသာစည်မြို့နယ် ၁၀၇ လမ်းနှင့် ၅၈-၅၉ လမ်းကြားတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံပျက်စီးချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၃၀ တို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ပြီးစီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ၉၆ ဒသမ ၅ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၉၇ ဒသမ ၅၄ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့တွင် ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ပြုလုပ်




**မိုင်းယောင်း ဧပြီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre ခန်းမ၌ ယနေ့ နံနက်ပိုင်းက "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး" Talk Show ကို ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်ကရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းက သဘာဝပတ်ဝန်းကျင်သည်လူသားတို့အတွက် မှီခို အားထားရာ အကျိုးပြုရာ ဝန်းကျင်ဖြစ်ကြောင်း၊သဘာဝပတ်ဝန်းကျင်မှ လူတို့အတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးမှအစ လိုအပ်ချက်ကိစ္စအဝဝကို ဖြည့်စွမ်းပေးနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း ဆွေးနွေးပြီး သစ်တောဖြုန်းတီးမှုဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရင်းမှာ သစ်ဝါးအလွန်အကျွံ ခုတ်ယူခြင်း၊ သတ္တုနှင့်တွင်းထွက်များ တူးဖော်ခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းနှင့် လောင်စာအတွက် ထင်းမီးသွေးထုတ်ယူခြင်းသည်လည်း အဓိက ပါဝင်ကြောင်း၊ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ လက်ရှိကာလတွင် ၂၄ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်ဟု သတင်းများတွင် တွေ့နေရကြောင်း၊ ဥတုရာသီ၏ အဓိကအားပြုရာဖြစ်သည့် သစ်တောသစ်ပင်လျော့နည်းလာပြီး သဘာဝပတ်ဝန်းကျင် ပြောင်းလာသဖြင့် ရာသီဥတု ဖောက်ပြန်မှုများနှင့် ကြုံတွေ့နေရသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်တော၊ သစ်ပင်များ ခုတ်လှဲခြင်း၊ ဖျက်ဆီးခြင်းများ မပြုလုပ်ရန် လိုအပ်နေရာ သစ်တောများသည် လူသားတို့အား အကျိုးပြုသည့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုပေးရာ ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## နွေစပါးစိုက်ခင်းများ ပေါင်းလိုက်တမန်းနှိုးကိရိယာဖြင့် ပေါင်းမြက်နှိမ်နင်းခြင်းဆောင်ရွက်



**ကျွန်းလှ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဘိုယားတမံ ရေသွယ်စနစ်ဖြင့် စိုက်ပျိုးသော နွေစပါးစိုက်ခင်းများအား ပေါင်းလိုက်တမန်းနှိုးကိရိယာဖြင့် ယနေ့ နံနက်ပိုင်းက ပေါင်းမြက်ရှင်းလင်းခြင်း ဆောင်ရွက်သည်။

စပါးစိုက်ခင်းများအတွင်း ပေါင်းလိုက်တမန်းနှိုးကိရိယာ အသုံးပြုဆောင်ရွက်ခြင်းဖြင့် လေဝင်လေထွက်ကောင်းမွန်ခြင်း၊ အမြစ်ဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်ခြင်း၊ ပေါင်းသတ်ဆေးနှင့် လက်ပေါင်းလိုက်သက်သာခြင်း စသည့် ရရှိမည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ရှင်းလင်းပြောကြားသည်။

အဆိုပါ နွေစပါးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်တမ်းတို အထွက်နှုန်းကောင်း စပါးမျိုးများရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာအချိုးကျအချိန်ကိုက်သုံးစွဲရေးစသည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက် ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးရန် ၁၆၆ ဧက လျာထားသော်လည်း လက်ရှိအချိန်အထိ ၂၁၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ နှစ်စဉ် လျာထားချက်ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၈၀)

# သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ကုန်ရထားများနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနားလမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ ပြန်လည်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေး လမ်းပိုင်းများတွင် ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုအားနည်း၍ ပြန်လည်အဆင့်မြှင့်တင်နိုင်ရန် သထုံ- မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများအား ယာယီရပ်နားခဲ့ရသည်။

သထုံ-မြိုင်ကလေး လမ်းပိုင်းတွင် သထုံလေးတိုင်အထိ လမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ရာ မတ် ၂၀ ရက်မှစ၍ ကုန်ရထားများ စတင်ပြေးဆွဲခဲ့ပြီးဖြစ်သည်။ ယခုအခါ မော်လမြိုင်-ရေးလမ်းပိုင်းတွင် မော်လမြိုင်မှ သံဖြူဇရပ်အထိ ရထားလမ်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဧပြီ ၁၀ ရက်မှစ၍ ကုန်ရထားများ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့အတူ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်းတွင်လည်း မတ် ၂၈ ရက်တွင် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပျဉ်းမနားဘူတာမှ ကံသာဘူတာအကြား ရထားလမ်းပိုင်းအချို့နှင့် တံတားနှစ်စင်း ပျက်စီးခဲ့ရသဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။ ယခုအခါ အဆိုပါပျက်စီးမှုများကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ရထားလမ်း ပြန်လည်အသုံးပြုနိုင်ပြီဖြစ်၍ အမှတ်(၁၀၃)အဆန်/အမှတ်(၁၀၄)အစုန် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား လူစီးကုန်တင်ရထားများကို ဧပြီ ၁၀ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၃နာရီ မိနစ်၂၀ က သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ဟိုလပ်(၂) ကျေးရွာအနီးတွင် လမ်းလျှောက်လာသူမောချာဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မောချာ (၄၅)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






## ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကလောမြို့နယ်၊ ရေယောင်းမ ကျေးရွာအနီးတွင် ကျော်စိုးဦးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် သူရမျိုးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်စိုးဦး(၃၂)နှစ်နှင့် သူရမျိုး(၄၁)နှစ်ဆိုသူတို့အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်သစ်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ အလုံမင်းဒေါင့်ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ ကျောက်ကုတင်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၀၄၅တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Canter Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်သုံးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၅ရက်တွင် ကယားပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်နှင့် ထေးသမရပ်ကွက်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၄ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှုကို သိမ်းဆည်းရမိခဲ့သည်။ ထိုသို့ တရားမဝင်သစ်များနှင့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစားတော်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၂ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ သီးနှံ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲသီးနှံစိုက်ခင်းတွေ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်၊ သွင်းအားစု ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ကူညီဆောင် ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီက ဒေသအတွင်းရှိ တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စားတော်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းများ ကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

တောင်သူများအနေဖြင့် စားတော်ပဲသီးနှံကို အရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အပေါ်ယာပုံ)**

(၄၄၅)





## မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

**အောင်လံ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဘို့လည်ကျေးရွာ၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အောင်လံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ဟန်သီရိအောင်က မီးခိုးမြူငွေ့အန္တရာယ် အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန်လိုက်နာဆောင်ရွက်ရမည့်အချက်များကို လည်းကောင်း၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါဟောပြောပွဲသို့ ဘို့လည်ကျေးရွာမှ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသား ၉၀ ဦး တက်ရောက်ခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ မြို့တွင်းလမ်းမကြီးများအား သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောသန့်ရှင်းနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ အဆောက်အအုံများနှင့် မြို့တွင်းလမ်းမကြီးများအား သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောသန့်ရှင်းနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အောင်မြေသာစံမြို့နယ်၊ လမ်း ၂၀၊ လမ်း ၈၀နှင့် ၈၁ လမ်းကြား၊ ၂၂ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားနေရာများတွင် လမ်းရေဆေးခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အဆိုပါနေရာများအနီးရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်ရှိအဆောက်အအုံများကို အန္တရာယ်ကင်းရှင်းစွာဖြင့် ဖယ်ရှားရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ငလျင်ဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အား Singapore Emergency Medical Team အဖွဲ့မှ လာရောက်တွေ့ဆုံ

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့သို့ရောက်ရှိနေသော Singapore Emergency Medical Team မှ Dr.Mohamad Ralhan Hafidz Bin Mohd Rafiek နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် Dr.Mohamad Ralhan Hafidz Bin Mohd Rafiek က ငလျင်ဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများတွင် လူသားချင်းစာနာထောက်ထားမှုအပြည့်ဖြင့် ကူညီပေးခဲ့မှုများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားပေးကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် ကျေးဇူးအထူးတင်ရှိမှုများကို ပြောကြားခဲ့သည်။

အဆိုပါ Singapore Emergency Medical Team မှ Dr.Mohamad Ralhan Hafidz Bin Mohd Rafiek နှင့်အဖွဲ့သည် မန္တလေးသို့ မတ် ၃၀ ရက်နေ့က ရောက်ပြီး ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးကွင်းတွင် အခြေပြုကာ အခမဲ့ အရေးပေါ်ယာယီဆေးကုသရေးဆေးခန်းကို ဧပြီ ၇ ရက်မှ ဧပြီ ၁၃ ရက်အထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ပြီး ဧပြီ ၁၅ ရက်နေ့တွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# မန္တလေးမြို့မှ The Russian Rescue Team အဖွဲ့ ဒုတိယအသုတ်အဖွဲ့ ထွက်ခွာ

**မန္တလေး ဧပြီ ၉**

ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် အခြေပြုကာ ယာယီဆေးကုသရေးစခန်း ဖွင့်လှစ်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် The Russian Rescue Team အဖွဲ့မှ ဒုတိယအသုတ်အဖွဲ့သည် ဧပြီ ၉ ရက် ညပိုင်းက မန္တလေးမြို့မှ ထွက်ခွာသွားကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် တာဝန်ရှိသူများက သွားရောက်ပြီး အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများပြောကြား၍ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀











သတင်း-စာမျက်နှာ ၁၀



Mandalay City Development Committee
MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်း



**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက အလှူရှင်များက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယနေ့လှူဒါန်းမှုတွင် စေတနာရှင်၊ အလှူရှင်များမှ လှူဒါန်းငွေကျပ် စုစုပေါင်း ၁၅၂,၁၀၀,၀၀၀ (ငွေကျပ်တစ်ထောင့်ငါးရာနှစ်ဆယ့်တစ်သိန်းတိတိ)ကို အလှူရှင်အသီးသီးက ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြိုကျပျက်စီးအဆောက်အအုံများနှင့် အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**













# မန္တလေးမြို့ ဧရာဝတီမြစ်အတွင်း ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပ







**မန္တလေး ဧပြီ ၉**

မန္တလေးမြို့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ၂၆ လမ်းထိပ်၊ ဧရာဝတီကမ်းနားလမ်းရှိ ကရဝိက်ရေပေါ်မင်္ဂလာခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့၊ တက်ရောက်လာကြသူများက ၂ လက်မအရွယ် ရွှေဝါငါးကြင်းနှင့် ငါးခုံးမ အကောင်ရေ ၅၄၀၀၀ ကောင်ကို ဧရာဝတီမြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း–စာမျက်နှာ ၁၂







## မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်မီးအထက်တန်းကျောင်းသို့ လူမှုရေးရာဝန်ကြီးနှင့် ထိုင်းနိုင်ငံကူညီကယ်ဆယ်ရေးအဖွဲ့များ လာရောက်ကြည့်ရှု

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့်အတူ ထိုင်းနိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဧပြီ ၈ ရက် မွန်းလွဲ ၃နာရီက ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာရှိ အ.ထ.က ကျောက်မီးသို့ ထိခိုက်ပျက်စီးမှုကို ပြန်လည် ပြင်ဆင်နေသည့် ထိုင်းအင်ဂျင်နီယာအဖွဲ့ ဆောင်ရွက်ထားမှုအား လာရောက်ကြည့်ရှုကြသည်။

အဆိုပါကျောင်း ပန်းမြိုင်လယ်အဆောင်အပေါ်ထပ်ရှိ ထိခိုက်ပျက်စီးခဲ့သည်များကို ထိုင်းနိုင်ငံအင်ဂျင်နီယာအဖွဲ့မှ ပြန်လည်ပြုပြင်နေခြင်းများကို ဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံမှ ဗိုလ်မှူးကြီး Mr.Thcrdsak Jaiarree နှင့်အဖွဲ့များက ပြန်လည် ပြင်ဆင်မှုများနှင့် ပျက်စီးမှုများအား လိုက်လံကြည့်ရှုပြီး ထိုင်းနိုင်ငံမှ တည်ဆောက်ပြုပြင်မှုများအပြင် စာသင်ကျောင်းအတွက် လိုအပ်သည့် ပစ္စည်းများကိုလည်း ပံ့ပိုးလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၅)**

## ပဲတီစိမ်း(ဆောင်း)သီးနှံ ဧက ၂၄၈၀ စိုက်ပျိုး၊ ၈၉၅ ဧက ရိတ်သိမ်းပြီးဖြစ်

**ကျောက်ဆည် ဧပြီ ၉**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ပဲတီစိမ်းသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၄၈၀ စိုက်ပျိုးခဲ့ပြီး ၈၉၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စိုက်ပျိုးခဲ့ကြပြီး ယခုအချိန်တွင် ပဲတီစိမ်းများ ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုးအနေဖြင့် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို ထွန်ကြောင်းဆွဲ၊ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်သုံးသိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂-၁၃ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစိုက်တောင်သူများမှ ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

သန့်ရှင်းသာယာ မန္တလာ
ဝိုင်းဝန်းထိန်းသိမ်းပါ။

# မန္တလေးမြို့တွင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေး အန္တရာယ်ကင်းပရိတ်တရားတော်များကို ဒုတိယနေ့ ဆက်လက် ရွတ်ဖတ်ပူဇော်

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့တွင် သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီ ၉ ရက် ဒုတိယနေ့၌ ဆက်လက်ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဝတ်အသင်းများမှလည်း သက်ဆိုင်ရာမြို့နယ် အသီးသီးတွင် ယနေ့ ည ၇ နာရီမှ စတင်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ကြရာ ယနေ့ ညပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးတွင် ရွတ်ဖတ်ပူဇော်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများက ဝတ်အသင်းများနှင့်အတူ ရတနသုတ်ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ကြပြီး အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့သခဲ့ကြသည်။

အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဧပြီ ၁၆ ရက်နေ့အထိ ၉ ရက်တိုင် နေ့စဉ် ည ၇ နာရီမှ စတင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









# အားကောင်းသောလေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉–၄–၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆–၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀–၄–၂၀၂၅ ရက်နေ့မှ ၁၃–၄–၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉–၄–၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆–၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄–၄–၂၀၂၅ ရက်နေ့မှ ၁၇–၄–၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**နေပြည်တော် ဧပြီ ၉**


ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၆ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး၊ ထိုမှတစ်ဆင့် မြောက်–အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နောက် ၃၀ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - မြန်မာရာဇဝင် ကောက်ကြောင်းများ
စာရေးသူ - ပြည့်ဆွေ(နတ္တလင်း)
ထုတ်ဝေသည့်စာပေတိုက် - သရက်တစ်ပင်စာပေ(မန္တလေး)
တန်ဖိုး - ၃၀၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - မျိုးညီညီထွန်း
ထုတ်ဝေသည့်ကာလ - ၂၀၂၅၊ မတ်လ (တတိယအကြိမ်)



ဆရာပြည့်ဆွေ(နတ္တလင်း)၏မြန်မာရာဇဝင်ကောက်ကြောင်းများစာအုပ်သည် တတိယအကြိမ်အဖြစ် ပြင်ဆင်ဖြည့်စွက်ထုတ်ဝေသောစာအုပ်ဖြစ်ပြီး စာရေးသူ၏ ပန်ကြားလွှာ၊ ပထမအကြိမ် စီစဉ်သူ၏ အမှာစာဖြင့် ထွက်ရှိလာသည်။ အခန်းကြီး (၃)ခန်းဖြင့် 'မြန်မာရာဇဝင်ကောက်ကြောင်း' ခေါင်းစဉ် (၁၃)ခုခွဲကာ ပြုစုရေးသားထားသည်။

စာရေးသူက ယခုစာအုပ်မှာ မင်းစဉ်နန်းဆက်ကို သိနိုင်စေရန် ရည်ရွယ်ထားသည့်အပြင် ခေတ်အဆက်ဆက် မင်းဆက်တွေရဲ့ လွဲမှားချက်များကိုသိရှိရန်၊ သမိုင်းစာအုပ်ပေါင်း ၅၃အုပ်ကို ကိုးကား၍ ရေးသားထားသည့် သုတေသနစာအုပ်ဖြစ်သည်။ ရာဇဝင်သမိုင်း သုတေသနလေ့လာသူများအတွက် လက်စွဲဖတ်သင့်သည့် စာအုပ်ဖြစ်ရာ ထွန်းဦး၊ နဂါး၊ ညို၊ မိုးကောင်းကင်(မြို့သစ်) စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသိ

**စာအုပ်အမည်** - Hello
**စာရေးသူ** - **နှင်းဆီညို(ပခုက္ကူ)**
**ထုတ်ဝေသည့်စာပေတိုက်** - **အာသီသစာပေ**
**တန်ဖိုး** - **၄၀၀၀ ကျပ်**
**မျက်နှာဖုံးဒီဇိုင်း** - NYI NYI NICE
**ထုတ်ဝေသည့်ကာလ** - **၂၀၂၄ ၊ ဇွန်လ**

ကဗျာဆရာမ နှင်းဆီညို(ပခုက္ကူ)၏ ဟယ်လို(Hello) အမည်ဖြင့် ရေးဖွဲ့ထားသော ကဗျာ (၅၁)ပုဒ်ကို စုစည်းထားပြီး ဆရာမောင်ကြည်သာ(တောင်တွင်း)၏ အမှာစာနှင့် ထွက်ရှိလာသည်။

ကဗျာများမှာ ဆွတ်ပျံ့ဖွယ် မေတ္တာရနံ့ကို အခြေခံထားပြီး



ခေတ်ပေါ်မော်ဒန်အရေးအဖွဲ့ဖြင့် တင်ပြထားသည်။

**Hello-43**

* ချစ်သူရှိရာ မျက်နှာမူရင်း
ပွင့်ပြရဲတဲ့ ပန်းနေကြာ
ကျွန်မဖြစ်ချင်လိုက်တာ....။
* နံနက်ခင်းမှာ တွေ့ဆုံ
နေစောင်းရင် ကွေကွင်းတဲ့
ပန်းနေကြာရဲ့ ကျိန်စာ
ဘဒ္ဒကမ္ဘာမှာ ပြယ်ပါစေ။ ။
နှင်းဆီညို(ပခုက္ကူ)

ခေတ်ပေါ်ကဗျာနှစ်သက်သူများ သဘောကျမည့် စာအုပ်ဖြစ်ပြီး ကိုလတ်စာပေမှ တစ်ပြည်လုံးဖြန့်ချိကာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရှုပ် နာမ်

* ရုပ်သဘော
တွေးတောဆင်ခြင်
ဉာဏ်အမြင် ကြည့်ရှုတဲ့အခါ - - - ။

* ရုပ်သဘာဝ လက္ခဏာ
သူကန်းပမာ တူလှစွာတည့် ။

* ရုပ်သဘာဝ လက္ခဏာ
သူဆွံ့ပမာ တူလှစွာတည့် ။

* အာရုံကို ညွှတ်တတ်
နာမ်ဓာတ်သက်ဝင်
ရုပ်လျှင် နာမ်နဲ့
ဆွေသဟာပြုမှ
သွားလာပြောတတ်
ရယ်ပြုံးတတ်လာ
သူ၊ ငါမဟုတ်
နာမ်၊ ရုပ်မျှသာ
ဗုဒ္ဓမြတ်စွာ
ဟောမိန့်မှာ၏ ။ ။

မြတ်ထေရ်ကျော်

## ရုံးစာရေးသားနည်းသင်တန်း(၁/၂၀၂၅) ဖွင့်လှစ်

**ကျွန်းလှ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများ ရုံးစာရေးသားရာတွင် အရေးပါသော အချက်အလက်များ အထူးပေါ်လွင်ထင်ရှားပြီး သက်ဆိုင်သူများ ဂရုပြုမိစေရန်နှင့် သတ်မှတ်ထားသည့် နည်းစနစ်များအတိုင်း တိုတောင်းရှင်းလင်း တိကျပြတ်သားစွာ အစီအစဉ်တကျ ရေးသားနိုင်ရန်အတွက် ရုံးစာရေးသားနည်းသင်တန်း(၁/၂၀၂၅)ကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ရုံးစာရေးသားရာတွင် လိုက်နာရမည့် အချက်များ၊ ရုံးစာရေးသားနည်း အမျိုးအစားများ၊ ထားသိုပုံစနစ်၊ အထားအသိုအကျအဝေး၊ ကြေးနန်းစာရေးသားနည်း စသည်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်သည်။

အဆိုပါ ရုံးစာရေးသားနည်းသင်တန်းသို့ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းသုံးဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၀)**






## အထက်မင်းလှမြို့နယ်၌ ကုလားပဲသီးနံများ စတင်ထွက်ပေါ်၍ အထွက်နှုန်းကောင်းမွန်လျက်ရှိ

**မင်းလှ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည်ဖြင့် သီးနှံမျိုးစုံကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကိုလည်း စိုက်ပျိုးကြသည်။

ကုလားပဲသီးနှံကို ဒီဇင်ဘာလတွင် စိုက်ပျိုးပြီး မတ်လဆန်းမှ စတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုးအနေဖြင့် ကုလားပဲ(ဟော်လန်)မျိုးနှင့် ကုလားပဲ(မြကြေး)မျိုးများဖြစ်ပြီး ကုလားပဲ(မြကြေး)မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့် ကုန်ကျ၍ ထွန်ကြောင်းဆွဲ၊ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခနှင့် ရိတ်သိမ်းခအပါအဝင် တစ်ဧကလျှင် ရှစ်သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၁၆ တင်းမှ ၂၁ တင်းကြား ထွက်ရှိရာ ယခုနှစ်တွင် ရာသီဥတု သမမျှတ၍ အထွက်နှုန်းကောင်းမွန်ကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နှင့် မကွေးမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်နှင့် မုန့်လုပ်ငန်းရှင်များထံသို့ ရောင်းချသည့်အပြင် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ် သတင်းအဖွဲ့)**





## အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်

**အောင်လံ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မတ် ၂၈ ရက် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ရစ်(ချ်) တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက ဗုဒ္ဓမြတ်စွယ်တော်တိုက်တွင် အောင်လံမြို့နယ်ရှိ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများ၊ ဆရာတော်များက ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်အတွက် ရတနသုတ်၊ မေတ္တသုတ်၊ ဝဋ္ဋသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ပြီး ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**



## ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များပေးအပ်

**နေပြည်တော် ဧပြီ ၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇေနော်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများနှင့် ဝန်ကြီးဌာနများမှ ယာယီပြောင်းရွှေ့နေထိုင်သည့် ဝန်ထမ်းများကို အခြေခံ စားသောက်ကုန်များ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်သည် ဇမ္ဗူသီရိမြို့နယ်၊ ဓာတုဇယဓာတ်ပေါင်းစုစေတီပရိဝုဏ်တွင် ဝန်ထမ်းအိမ်ရာများမှ ငလျင်ဘေးဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်သူများအား စားသောက်ကုန်များဖြစ်သည့် ဆန်၊ ကြက်ဥ၊ ရေသန့်နှင့် မုန့်များ ပေးအပ်ကာ အားပေးစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဘောဂသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်များရှိ ဝန်ထမ်းအိမ်ရာများအနီးမှ ငလျင်ဘေးဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်ကြသည့် ဌာနပေါင်းစုံမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ကြက်ဥ၊ ရေသန့်နှင့် မုန့်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သုခသိဒ္ဓိရပ်ကွက်တွင် ငလျင်ဘေးသင့်ပြည်သူများ နေထိုင်ရန်အတွက် ယာယီရွက်ဖျင်တဲများ ဆောင်ရွက်နေမှုကို ကြည့်ရှု၍ ရေသန့်၊ ကြက်ဥနှင့်မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Sky Villa အဆောက်အအုံကယ်ဆယ်ရှာဖွေရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များအား ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ရေးဆွေးနွေး

**မန္တလေး ဧပြီ ၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa အဆောက်အအုံ ကယ်ဆယ်ရှာဖွေရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များအား ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ရေးဆွေးနွေးခြင်းကို ဧပြီ ၆ရက် နံနက်ပိုင်းက အဆိုပါ ဗီလာအနီးရှိ ကွပ်ကဲရေးစခန်းအနီးတွင် ပြုလုပ်ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များအား အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်းများဖြစ်ကြသော PPE ဝတ်စုံများ စနစ်တကျဝတ်ဆင်ရေး၊ ကလိုရင်းဆေး သတ်မှတ်ထားသည့် အတိုင်းဖျန်းပက်အသုံးပြုရေးနှင့် စနစ်တကျ စွန့်ပစ်ရေးစသည်တို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၉၃)**



## ပဲကျား(ဆောင်း) သီးနှံများ ရိတ်သိမ်းပြီးစီး



**မြစ်သား ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲကျားသီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ပဲကျားသီးနှံကို ၃၃၁ ဧက စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲကျား(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး လေးလခန့်အကြာ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းရကြောင်း၊ ပဲကျား(ဆောင်း)သီးနှံကို ထွန်ကြောင်းဆွဲ၊ အစေ့ချစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြပြီး မျိုးသွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၂-၁၄ တင်းကြားထွက်ရှိပြီး တောင်သူများက ကျောက်ဆည်၊ မြစ်သား၊ ကူမဲမြို့များရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချ၍ ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း) ဆရာမကြီး တစ်ဦးအား ငွေကျပ် ၁၅သိန်း ထောက်ပံ့

**သရက် ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီး တစ်ဦးအား ငွေကျပ် ၁၅သိန်း ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားတွင် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီး ခုနစ်ဦးအား ကန်တော့ပေးခဲ့ပြီး နာယကဆရာကြီး ဦးအောင်ကျော်စိုးက ခုလိုသက်ပြည့်အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမများ လစဉ်အလှူငွေပေးအပ်ရာတွင် စေတနာ အလှူငွေကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပီတိပညာရေး ပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းခဲ့သည်။




ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်မြင့်မြင့်ကြည် (မှူးအုပ်) အမကရွှေဘုံသာအား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းအား ပီတိပညာအဖွဲ့ဝင် ဦးတင်ဌေးက ပေးအပ်ရာ လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေကျပ် ၃သောင်း လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဒေါ်တင်တင်ယုက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်ထက်(သရက်)**

# မှတ်သားလိုက်နာ ကျင့်သုံးအပ်သည့် ဗလငါးတန်ဟူသည်ကား

ပျို့ပေါင်းမြောက်မြားစွာထဲတွင် လောကသာရပျို့သည် အပေါင်းဆုံးပျို့ဖြစ်သလို လူသိအများဆုံးပျို့လည်း ဖြစ်ပါသည်။ ထို့နောက် ကာရန်၊ သတ်ပုံ၊ သတ်ညွှန်းတို့မှာလည်း စံပြုထိုက်သော၊ မှန်ကန်သော၊ အထူးပြုလေ့လာထိုက်သော ပျို့လည်း ဖြစ်ပါသည်။

ရာဇဝင်ကြောင်းအရဆိုရလျှင် လောကသာရပျို့ကို ရခိုင်သူမြတ်သည် သက္ကရာဇ် ၆၉၅ ခုနှစ်နှင့် ၇၀၅ ခုနှစ်အကြားတွင် စီကုံးသည်ဟု ဖော်ပြကြကုန်၏။ မှတ်ချက်ပေးကြကုန်၏။ သို့ဖြစ်ပါက ဤပျို့သည် နှစ်ပေါင်းခြောက်ရာကျော်လေပြီ။ ကမ္ဘာတည်သရွေ့ သစ်လွင်တောက်ပနေမည့် ပျို့ပင် ဖြစ်ပါသည်။

အကြောင်းကား မြန်မာမင်းများလက်ထက်တွင်လည်း ဤမည်သော လောကသာရပျို့သည် ရှေ့တန်းက ရပ်တည်ခဲ့။ ကိုလိုနီခေတ်တွင်လည်း နှစ်ပေါင်းများစွာ ဦးဆောင်ခဲ့။ ပြည်ထောင်စု မြန်မာနိုင်ငံခေတ်တွင်လည်း ဤပျို့သည် ရှေ့တန်းက မားမားမတ်မတ် မော်ကွန်းထိုးခဲ့ပါသကော။ နှစ်ပေါင်းခြောက်ရာကျော်မျှ မြန်မာနိုင်ငံ၏ အကျိုးကိုဆောင်ခဲ့သည့် ဤပျို့၏ ကျေးဇူးကား ကြီးလှပေစွတကား။ ဤပျို့၏ အရေးပါပုံကား ဝေါဟာရတ္ထပကာသနီ ကျမ်းပြုစုသူ ဒုတိယကျော်အောင်စံထားဆရာတော်နှင့် သတ်ညွှန်းသစ် ကျမ်းပြုစုသူ မဟာစည်သူတို့သည် သတ်ပုံ၊ သတ်ညွှန်းအလို့ငှာ ဤမည်သော လောကသာရပျို့ကို များစွာကိုးကားခဲ့ရသည်ဟု ပညာရှင်များ ဆိုကြကုန်၏။

ထိုထိုသော အကြောင်းများကြောင့် လောကသာရပျို့နှင့် ဗလငါးတန်ဟူသည်ကား လောကတွင် လူတို့သည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လုပ်ထိုက်သည်ကို လုပ်ရမည်။ ရထိုက်သည့် အခွင့်အရေးကိုလည်း ရရမည်။ လုပ်ထိုက်သည်ကို တာဝန်ဝတ္တရားဟု ခေါ်ဆို၏။ ရထိုက်သည်ကို အခွင့်အရေးဟု ခေါ်ဆိုရပါသည်။ လူတို့သည် တာဝန်ဝတ္တရားကို မဆောင်ရွက်။ အခွင့်အရေးကိုကား ရယူ၏ဆိုလျှင်ကား လောကသည် မငြိမ်ဝပ်ရာ။ ထို့နောက် တစ်ဖန် အခွင့်အရေးကို မရယူနိုင်။ တာဝန်ဝတ္တရားကိုကား ဆောင်ရွက်ရ၏ဟုဆိုလျှင်လည်း လောကသည် မငြိမ်ဝပ်နိုင်ရာ။ ဤသည်ကား လောက၏ နိယာမသဘောသဘာဝပင်ဖြစ်ပါသည်။

ထို့ကြောင့် ရခိုင်သူမြတ်သည် လောက လူ့ဘုံ၌ ဖိုးသုညတွေပျောက်အောင် သူ၏ လောကသာရပျို့၌ ဗလငါးတန်ကို မှတ်သားလိုက်နာ ကျင့်သုံးကြရန် ဖော်ပြခဲ့ပါသည်။ ထိုသည့် ဗလငါးတန်ဟူသည်ကား -

၁။ ကာယဗလ - ကိုယ်ကျန်းမာသန်စွမ်းခြင်း
၂။ ဉာဏဗလ - ပညာတတ်မြောက်ခြင်း
၃။ ဘောဂဗလ - ပစ္စည်းနှင့်ပြည့်စုံခြင်း
၄။ မိတ္တဗလ - မိတ်ဆွေကောင်းရှိခြင်း
၅။ စာရိတ္တဗလ - အမူအကျင့်မှန်မြတ်ခြင်း

တို့ ဖြစ်ကြပေသည်။

ရှေးခေတ်မြန်မာတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် ဤသည့် ဗလငါးတန်ကို လိုက်နာကျင့်သုံး၍ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောစည်ပင်ခဲ့ဖူးလေပြီ။

**ကာယဗလ** - မြန်မာအများစုသည် လယ်ထွန်ကြသည်၊ ယာလုပ်ကြရသည်။ မောင်းထောင်းကြရသည်။ ဆန်ဖွပ်ကြရပါသည်။ ထိုသူတို့သည် ယောက်ျားလည်း ယောက်ျားအလျောက်၊ မိန်းမလည်း မိန်းမအလျောက် ခွန်အားဗလနှင့် ပြည့်စုံကြရသည်။ ထို့နောက် တစ်ဖန် ရိုးသားစွာ စားသောက်နေထိုင်ကြသဖြင့် ရောဂါဘယလည်း ဆန်းပြားထွေလီစွာ ဖြစ်ပေါ်ခဲ့ပုံ မရချေ။ ခေတ်သစ်အားကစားနည်းလည်း အထူးတလည် လိုအပ်ခဲ့ပုံ မရချေ။ ကိုးဆယ့်ခြောက်ပါးသော ရောဂါဘယတို့ ပေါ်ပေါက်လာလျှင်ကား ပျောက်ကင်းအောင် ကုစားဖို့ရန် ဆေးဆရာများသည် ဆေးကျမ်းကိုလည်း လေ့လာရလေသည်။ ဆေးကျမ်းတို့တွင်ပါသော အနက်အဓိပ္ပာယ်တို့ကို အကျယ်တဝင့် နားလည်အောင်၊ သိအောင်၊ သဘောတရားကိုသိအောင် လေ့လာသမှုပြုကြရာ၏။ ဤသည့်အချက်ကို ညွှန်ပြလိုသဖြင့် ရခိုင်သူမြတ်သည် ဤသို့ ရေးခဲ့လေသည်။

"ဆေးသမားလည်း၊ ဆေးဝါးအဖြစ်၊ ဆေးမြစ်လေ့ကျွမ်း၊ ပိဋကတ်ပွမ်း၍၊ ဆေးကျမ်းထိုထို၊ ရသာကိုလည်း၊ ဖွင့်ဆိုတတ်ကျယ်၊ ဓိပ္ပာယ်အနက်၊ လွန်လေ့ကျက်၍" … "စသည့်ရောဂါ၊ အနာအမျိုး၊ ကိုးဆယ့်ခြောက်ပါး၊ အပြားပြားကို၊ မမှားလွတ်အောင်၊ ကုသဆောင်၍၊ အခေါင်သမား မြောက်စေမင်း"။ ဤသို့ ကာယဗလနှင့်ဆက်နွှယ်၍ ဆေးပညာကိုလည်း အရေးကြီးကြောင်း ပုံဖော်ပေးခဲ့ပါသည်။

**ဉာဏဗလ** - ဗလငါးတန်တို့သည် ဆိုင်ရာဆိုင်ရာတွင် အရေးကြီးကြသည်ပင်။ သို့ကလောက် - ဉာဏဗလ (ခေါ်) ပညာတတ်ခြင်းသည်ကား အရေးအကြီးဆုံး၊ အသုံးဝင်ဆုံး ဖြစ်ပေသည်။ အားလုံးသောဗလတို့၏ ခေါင်းဆောင်လည်း ဖြစ်ပါသည်။ ဆက်ပြီးတွေးခေါ်ရအောင် ဉာဏဗလသည် နိဗ္ဗာန်သွားရာလမ်း၌ပင် ရှေးရှုခေါ်ဆောင်သွားနိုင်သည်ပင်။ ထို့ကြောင့် ရခိုင်သူမြတ်က ဤသို့ ဖော်ဆောင်ခဲ့ပါသည်။ "အင်ငါးမည်တွင်၊ အထွတ်တင်ထား၊ မျက်ရှင်အလား၊ ပညာအားလျှင်၊ စီးပွားမြင်နိုင်၊ အခေါင်တိုင်၏။ ပြည့်လိုင်ကျေးဇူး၊ အထူးထူးတွင်၊ အမှူးစင်စစ်၊ ရှေ့သွားဖြစ်လျက်၊ အပြစ်ခွာရှောင်၊ အကျိုးဆောင်သား၊ တတ်ခေါင်ပညာ၊ မတ်လိမ္မာကို၊ စေပါးသုံးစွဲ၊ ကိုယ်၌မြဲက၊ ငရဲမလား၊ ရှေးရှုသွားလျက်၊ မြတ်များနိဗ္ဗာန်၊ ခရီးညွှန်ရှင့်" ဟူလို့ ဆိုရပါမူကား-အလွန်ကျေးဇူးပြုတတ်သောပညာကို သင်ကြားလေ့လာသမှုပြုရာ၏။ သင်ကြားလေ့လာရာတွင်လည်း အမိအဘ၊ ဆရာသမားတို့၏ မေတ္တာ၊ ကရုဏာရှေ့ထားပြီး ဆိုဆုံးမသောစကားတို့ကို လိုက်နာကာ လေ့လာရာ၏။ ထို့ကြောင့် ရခိုင်သူမြတ်က ဤသို့ တိုက်တွန်းခဲ့ပါသည်။ "မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့"။ ပညာကို ငယ်ရွယ်စဉ်က သင်ကြားရမည်။ ဆရာစစ်၊ ဆရာကောင်းထံတွင် သင်ကြားရမည်။ ဘယ်သို့ သင်ရမည်နည်းဆိုပါက ပုဆစ်ဒူးတုပ်၍ သင်ကြားရမည်။ ရိုသေလေးစားစွာ သင်ရပါမည်။ အခွင့်ကောင်းကို ချောင်းမြောင်းစောင့်စား၍ သင်ယူရမည်။ ထိုသည့်အတွက်ကြောင့် ကျမ်းပြုအကျော် ရခိုင်သူမြတ်က ဤသို့ ရေးသားခဲ့လေသည်။ "မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသောအခါ၊ သည်းခံပါလော့"။ ထို့ကြောင့် ပညာသည် မိမိအတွက်လည်း အကျိုးရှိသလို မိမိနိုင်ငံအတွက်လည်း ခွန်အားဗလ ဖြစ်ပါပေသည်။ ပညာ၏ ထိရောက်ပုံကို ထင်ရှားပြလိုသော ရခိုင်သူမြတ်သည် ဤသို့ စီဖွဲ့ပြန်သည်။

"ထိုသိပ္ပကို၊ နှံ့မျှလုံးခြုံ၊ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုအိမ်ထောင်၊ စီးပွားဆောင်လော့၊ ညဥ့်မှောင်မသိ၊ ကြက်မျက်စိသို့၊ မိမိကိုယ်ဖို့၊ အတတ်ချို့သော်၊ သူတို့ပြစ်တင်၊ ဆင်းရဲဖျင်းအုံ့၊ ထင်ထင်မျက်မြော်၊ မကော်ရော်သည်၊ အိုသော် …..သူမရယ်စေနှင့်" ဟူလို့။ ပညာဟူသည် ဤ၍ ဤမျှ အရေးကြီးသည်ဟု မှတ်ယူရာ၏။

**ဘောဂဗလ** - လူတို့သည် ဆင်းဆင်းရဲရဲ မနေလိုသောကြောင့် အလုပ် လုပ်ကြရမည်။ ပစ္စည်းဥစ္စာ ရှာကြရမည်။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ မွေးမြူရောင်းဝယ်ခြင်းဖြင့် ပစ္စည်းဥစ္စာရှာဖွေရမည်။ ကုန်သွယ်ခြင်းဖြင့် ရှာဖွေရမည်။ ထိုအချက်ကို ရခိုင်သူမြတ်သည် ဤသို့ တိုက်တွန်းခဲ့လေသည်။

"လုပ်ကြံကြိုးစား၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ ဖန်တီးရောင်းဝယ်၊ ထပ်ကာလောင်းလျက်၊ ပဲ၊ ပြောင်း၊ စပါး၊ ကျီပြည့်ထား၍၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်၊ မျိုးဆွေမှီတင်း၊ ကြွယ်စေမင်း။ ထို့နောက် တစ်ဖန် … ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြခုံးတောင်ပို့၊ ဖို့သည့်ခြင်ရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လုစေလော့" ဟူသတည်း… အထူးမှတ်ဖွယ်ကား ပညာရှာရာတွင် သည်းညည်းခံဖို့ရန် ဆုံးမခဲ့သလို ပစ္စည်းဥစ္စာရှာရာတွင်လည်း သည်းညည်းခံ၍ ရှာရမည်ဟု ဆုံးမထားပြန်သည်။

**မိတ္တဗလ** - ကျန်းမာပါ၏။ စာလည်း တတ်ပါ၏။ ဥစ္စာနေလည်း ကြွယ်ဝပါ၏ ဆိုသော်ငြားလည်း မိတ်ကောင်းဆွေကောင်းလည်း ရှိပါမှ အထူးဂုဏ်ပြု၍ ပေါင်းသင်းရပါမည်။ မိတ်ဆွေကောင်းဟူသည်ကား ယခုဘဝလည်း ချမ်းသာအောင်၊ နောင်သံသရာလည်း ကောင်းစားအောင် အကြံဉာဏ်ပေးတတ်သော လူလိမ္မာ သူတော်ကောင်းမျိုးကို မိတ်ကောင်း၊ ဆွေကောင်းဟု ခေါ်ဆိုပါသည်။ ထို့ကြောင့် ရခိုင်သူမြတ်က ဤသို့ ဖွင့်ဆိုပြန်သည် -

"ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍၊ မြဲပင်စင်းလျှင်း၊ ပေါင်းယှဉ်မင်း"။

ထို့နောက် မိတ်ကောင်း၊ ဆွေကောင်းနှင့်ပြည့်စုံသောအခါတွင်လည်း လူ့လောကသည် အထူးသတိထားရပြန်သည်။ အခြားမဟုတ် မနာလိုသောသူတို့ ပေါ်ပေါက်လာတတ်ပါသည်။ မိတ်ဆွေချင်းကွဲပြဲမှုန်းတီးအောင် ကုန်းတိုက်သောဘေးပင်ဖြစ်ပါသည်။ သတိထားရမည့်အချက်ကိုလည်း ဤသို့ဆိုထားပြန်သည်။ "ချောသွေ့စကား၊ စပ်ကြားသူပျက်၊ ကုန်းတိုက်ဖျက်လည်း၊ ရက်ရက်မယုံလွယ်နှင့်မင်း"၊ လူ့လောက၌ အထူးပင်သတိထားရမည့် အချက်ပင်ဖြစ်ပါသည်။

**စာရိတ္တဗလ** - ဆိုကြဦးစို့။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလနှင့် ပြည်စုံလင့်ကစား စာရိတ္တဗလချို့တဲ့ပါမူ သီလပြည့်ရန်ပင် လွန်စွာခက်ခဲပါတော့မည်။ ပြည့်စုံလိုလျှင် မကောင်းသော အမူအကျင့်တို့ကို ရှောင်ကြဉ်ရပါမည်။ ထိုသည်ကား ငါးပါးသော သီလတော်တို့ကို ဆောက်တည်ခြင်းပင်ဖြစ်ပါသည်။ ဤသည်ကို ရခိုင်သူမြတ်က ဤသို့ ဖွဲ့ဆိုပြန်သည်။ "ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူစေစား၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မမြတ်ဆောက်တည်၊ ဆုကြီးရည်လော့" ဟူသတည်း။

ထိုသည့်အချက်တွင် လောဘ၊ ဒေါသ၊ မောဟဆိုသော တရားတို့ကြောင့် လိမ်လည်း လိမ်ကြသည်။ လုလည်း လုကြသည်။ ခိုးလည်း ခိုးကြသည်။ တိုက်လည်း တိုက်ကြသည်။ သတ်လည်း သတ်ကြသည်။ ထိုသည့် တရား သုံးပါးကို ပညာဖြင့် ဆုံးမပါမှ ၄၄လောကငြိမ်းချမ်းမည်ဟု ရခိုင်သူမြတ်ပြောလိုသဖြင့် ဤသို့ ဖွဲ့စီပြန်သည်-

"လောဘ၊ ဒေါသ၊ မောဟသူပျက်၊ နေ့တိုင်းဖျက်၍၊ အမျက်သည်းလွန်၊ တဖျင်သန်လျက်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင်မွတ်မွတ်၊ လိုက်လံတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထုံးပိုင်းမချာ၊ ယဉ်စိမ့်ငှာလျှင်၊ ပညာထိန်း၍၊ မိန်းစေမင်း" … ဟူလို။

ဗလငါးတန်ကို အချုပ်အားဖြင့် ဆိုရပါမူ လုံ့လ၊ ဝီရိယ ရှိရပါမည်။ ထို့နောက် အတတ်ပညာရပါမည်။ ထို့နောက် စိတ်နှလုံးစင်ကြယ်လာပါမည်။ ကောက်ကျစ်စဉ်းလဲမှုတွေ ကင်းပျောက်၍ မိမိအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုး၍ ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကို တည်ဆောက်နိုင်ကြပါစေကုန်သတည်း။

**အရှင်ဉာဏောဘာသ**
**(ဆင်မျှားရှင် သာသနာ့ရိပ်သာ)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်နှင့် ဆွေးနွေးပွဲ၌ သဘောတူညီချက်ရရှိရန် အသင့်ဖြစ်နေသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား



**တီဟီရန် မေ ၉**

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ မေ ၁၂ ရက်တွင်ကျင်းပမည့် အမေရိကန်နှင့်ဆွေးနွေးပွဲ၌ သဘောတူညီချက်ရရှိရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆွေးနွေးရန် အဆင်သင့်ဖြစ်နေသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အရာချီက ပြောကြားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်သည် စစ်ရေးရွေးချယ်စရာမရှိကြောင်း ပထမဦးစွာ သဘောတူညီမှုရရှိရမည်ဟု အရာချီက ထောက်ပြကာ အီရန်နိုင်ငံသည် "အတင်းအကျပ်ပြုလုပ်မှုကို ဘယ်တော့မှ လက်မခံပါ"ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

ထို့ပြင် အိုမန်နိုင်ငံတွင် ကျင်းပမည့် ဆွေးနွေးပွဲများသည် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်သောဆွေးနွေးပွဲများဖြစ်သည်ဟု အရာချီက ပြောကြားသည်။ ယင်းပြောကြားချက်သည် ထရမ့်က အံ့အားသင့်ဖွယ်ကြေညာခဲ့သည့် "တိုက်ရိုက်ဆွေးနွေးပွဲ"ဖြစ်မည်ဆိုသည့်အချက်နှင့် ဆန့်ကျင်လျက်ရှိသည်။

ထရမ့်သည် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ၂၀၁၅ ခုနှစ်က နျူကလီးယား သဘောတူညီချက်မှ အမေရိကန်ကို နုတ်ထွက်စေခဲ့သူဖြစ်ပြီး ဆွေးနွေးပွဲများအောင်မြင်မှုမရှိပါက အီရန်သည် "ကြီးမားသော အန္တရာယ်တွေ့နိုင်ကြောင်း" သတိပေးခဲ့သည်။

အမေရိကန်နှင့်အီရန်တို့သည် သံတမန်ဆက်ဆံရေးမရှိသောကြောင့် ယခင်လက ထရမ့်သည် အီရန်၏အမြင့်ဆုံးခေါင်းဆောင်ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုမှတစ်ဆင့် စာတစ်စောင်ပေးပို့ခဲ့သည်။ ၎င်းစာတွင် အီရန်အနေဖြင့် နျူကလီးယားလက်နက်များရယူခြင်းကိုတားဆီးရန်နှင့် အမေရိကန်နှင့်အစ္စရေးတို့၏ စစ်ရေးတိုက်ခိုက်မှုများကိုရှောင်ရှားရန် သဘောတူညီချက်တစ်ခု လိုလားကြောင်း ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု အိမ်ဖြူတော်သို့ လာရောက်လည်ပတ်စဉ် မကြာမီကျင်းပမည့် အီရန်နျူကလီးယားအရေး ဆွေးနွေးပွဲများအကြောင်း ထရမ့်ကဖွင့်ဟခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုများကို လုံးဝငြိမ်းချမ်းစွာလုပ်ဆောင်နေပြီး နျူကလီးယားလက်နက်များကို ဘယ်တော့မှ ဖွံ့ဖြိုးတည်ဆောက်ရန် သို့မဟုတ် ရယူရန် လိုလားခြင်းမရှိဟု ထပ်လောင်းအတည်ပြုခဲ့ကြောင်း သိရသည်။

**Mon**

## ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ် ရွေးကောက်ပွဲပြိုင်ဘက် ပီတာဒတ်တွန်နှင့် စကားစစ်ထိုး



**ကင်ဘာရာ မေ ၉**

ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်သည် မေ ၃ ရက်တွင်ကျင်းပမည့် ဖက်ဒရေးရွေးကောက်ပွဲမတိုင်မီ ပထမဆုံးအကြိမ်အဖြစ် သူ၏ရွေးကောက်ပွဲပြိုင်ဘက် ပီတာဒတ်တွန်နှင့် ယမန်နေ့ကထိပ်တိုက် စကားစစ်ထိုးခဲ့ကြောင်း ဘီဘီစီ သတင်းဌာနကဖော်ပြသည်။

ဩစတြေးလျကောင်းကင် သတင်းဌာနနှင့် တယ်လီဂရပ်ဖ်နေ့စဉ်သတင်းစာတို့ပူးပေါင်းစီစဉ်သော အဆိုပါဆွေးနွေးပွဲတွင် လူနေမှုစရိတ်မြင့်မားခြင်းပြဿနာများက အဓိကထွက်ပေါ်ခဲ့ပြီး ခေါင်းဆောင်နှစ်ဦးအား အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကုန်သွယ်မှုအတားအဆီးများနှင့်ပတ်သက်၍လည်း မေးမြန်းခဲ့ကြသည်။

အမြင်သဘောထား စစ်တမ်းများအရ အယ်လ်ဘာနီးစ်၏ လေဘာပါတီနှင့် ဒတ်တွန်၏ လစ်ဘရယ်-နိုင်ငံရေးမဟာမိတ်အဖွဲ့တို့အကြား အနိုင်ရရှိမှုကွာဟချက်နည်းပါးနိုင်ပြီး တစ်ဖွဲ့ဖြစ်စေ လွှတ်တော်အမတ်လွှတ်များ သို့မဟုတ် အငယ်စားပါတီများနှင့်ပူးပေါင်း၍ အစိုးရဖွဲ့ရနိုင်မည်ဟု ဆိုသည်။

စကားစစ်ထိုးပွဲပြီးနောက် ဆုံးဖြတ်ချက်မချနိုင်သေးသော မဲဆန္ဒရှင် ၁၀၀ ဦးမှ မဲပေးရွေးချယ်ရာတွင် အယ်လ်ဘာနီးစ်အား အနိုင်ရသူအဖြစ် သတ်မှတ် ကြေညာခဲ့ကြောင်း သိရသည်။

**Mon**

## ဂျပန်၏ အဓိက စတော့ဈေးကွက် နီကေးအညွှန်းကိန်း ဝေါလ်စထရီအစောပိုင်း ကုန်သွယ်မှုတွင် ကျဆင်းခဲ့




**တိုကျို မေ ၉**

ဂျပန်၏ အဓိက စတော့ဈေးကွက် နီကေးအညွှန်းကိန်းသည် မေ ၉ ရက် တွင် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲဆိုင်ရာ စိုးရိမ်မှုများကြောင့် ဝေါလ်စထရီဈေးကွက်တွင် ပြန်လည်တက်ကြွမှု လှုပ်ရှားမှုကို ပြိုပျက်စေခဲ့သည့်အတွက် အစောပိုင်းကုန်သွယ်မှုတွင် ကျဆင်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တစ်ချိန်တည်းမှာပင် တောင်ကိုရီးယား၏ ငွေကြေးသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း ဒေါ်လာနှင့်နှိုင်းယှဉ်ပါက အဆင့်အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး အာရှဈေးကွက် အစောပိုင်းကုန်သွယ်မှုတွင် ရေနံဈေးနှုန်း ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

တိုကျိုတွင် နီကေး ၂၂၅ အညွှန်းကိန်း ၃ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး ပိုမိုကျယ်ပြန့်သော တိုပစ်အညွှန်းကိန်းမှာလည်း ၃ ဒသမ ၁ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

အခြားအာရှစတော့ဈေးကွက်များတွင် တောင်ကိုရီးယား၏ ကိုစပီ အညွှန်းကိန်းသည် ဒေသစံတော် ချိန် မနက် ၉:၅၄ နာရီ အချိန်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းကာ ၂၃၁၃ ဒသမ ၆၉ သို့ ရောက်ရှိခဲ့သည်။ စင်ကာပူ၏ အဓိက စထရိတ်တိုင်းမ်အညွှန်းကိန်းမှာမူ ဒေသစံတော်ချိန် မနက် ၉:၁၃ နာရီ တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကာ ၃၃၈၃ ဒသမ ၀၂ သို့ ရောက်ရှိခဲ့သည်။

ဟောင်ကောင်နှင့် ရှန်ဟိုင်းရှိ စတော့ရှယ်ယာများလည်း စတင်ဖွင့်လှစ်ချိန်တွင် ထိုးကျခဲ့သည်။ ဟန်ဆင်းအညွှန်းကိန်းမှာ ၃ ဒသမ ၁၄ ရာခိုင်နှုန်း(သို့မဟုတ် ၆၃၂ ဒသမ ၇၆ ဖိုင်)ကျဆင်းကာ ၁၉၄၉၄ ဒသမ ၉၂ သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

## တိုက်တန်းနစ်သင်္ဘောနောက်ဆုံးအချိန်များအကြောင်း စကင်မှတ်တမ်းအချက်အလက်အသစ်များ ထွက်ပေါ်လာ

**ဝါရှင်တန် မေ ၉**

တိုက်တန်းနစ်သင်္ဘောနောက်ဆုံးအချိန်များအကြောင်း အသေးစိတ် ဒစ်ဂျစ်တယ်စကင်ဖတ် မှတ်တမ်းကို ခွဲခြမ်းစိတ်ဖြာကြည့်ရာမှ အချက်အလက်အသစ်များထွက်ပေါ်လာကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

၁၉၁၂ ခုနှစ်တွင် ရေခဲတောင်နှင့်တိုက်မိပြီး နစ်မြုပ်သွားစဉ် သင်္ဘောနစ်ပိုင်းကွဲသွားသည့် အခြေအနေကို အတိအကျ တူညီသော သုံးဖက်မြင်ပုံတူပွားမှုကို ပြသခဲ့သည်။ ဤဘေးဒုက္ခတွင် လူ ၁၅၀၀ ခန့် အသက်ဆုံးရှုံးခဲ့သည်။

စကင်ဖတ် မှတ်တမ်းက သင်္ဘောအိပ်ခန်းတစ်ခုအကြောင်း အမြင်သစ်ပေးပြီး အင်ဂျင်နီယာများသည် သင်္ဘော၏မီးများကို ထိန်းထားရန် နောက်ဆုံးအချိန်အထိ လုပ်ဆောင်ခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောဆိုချက်များကို အတည်ပြုပေးသည်။

ထို့ပြင် ကွန်ပျူတာစီမံခန့်ခွဲမှုစနစ်တစ်ခုက အဖိုးစာရွက်အရွယ်အစားရှိသော သင်္ဘောကိုယ်ထည် ပေါက်ပြဲမှုများကြောင့် သင်္ဘောပျက်စီးခဲ့ရသည်ဟု ညွှန်ပြနေကြောင်း သိရသည်။

**Mon**

## သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စွမ်းအင်အရင်းအမြစ်များမှ ကမ္ဘာတစ်ဝန်းတွင် လျှပ်စစ်ဓာတ်အား ၄ ရာခိုင်နှုန်းကျော် ထုတ်လုပ်နိုင်ခဲ့



**လန်ဒန် မေ ၉**

အင်မ်ဘာဟုအမည်တွင်သည့် ကမ္ဘာ့စွမ်းအင်ပညာရှင်အဖွဲ့ မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာအရ ယမန်နှစ်က ကမ္ဘာတစ်ဝန်းတွင် ဒုတိယကမ္ဘာစစ်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၄ ရာခိုင်နှုန်းကျော်ထုတ်လုပ်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မေ ၉ ရက်တွင် ထွက်ပေါ်လာသော အစီရင်ခံစာတွင် ၂၀၁၂ ခုနှစ်မှစ၍ သုံးနှစ်တစ်ကြိမ် နှစ်ဆတိုးလာသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုမှာ အံ့သြဖွယ်ကောင်းလောက်အောင် မြင့်တက်လာခဲ့သည်ဟု အင်မ်ဘာက ဖော်ပြသည်။

နျူကလီးယားစွမ်းအင်နှင့် ရေအားလျှပ်စစ်၊ တိုးတက်လာနေသော လေစွမ်းအင်တို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော နည်းလမ်းများ၏ ပါဝင်မှုသည် ယခုအခါ ၄၀ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

"နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်သည် ကမ္ဘာ့စွမ်းအင်ကူးပြောင်းရေး၏ မောင်းနှင်အားဖြစ်လာခဲ့ပြီ"ဟု ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် အင်မ်ဘာအဖွဲ့အစည်း၏ အမှုဆောင်ဒါရိုက်တာ ဖီးလ်မက်ဒေါနယ်လ်က ထုတ်ဖော်ပြောကြားသည်။ "အမြန်ဆုံးကြီးထွားနေသောနှင့် အကြီးမားဆုံး လျှပ်စစ်အရင်းအမြစ်အသစ်ဖြစ်သည့်အတွက် ကမ္ဘာ့လျှပ်စစ်လိုအပ်ချက် တိုးပွားမှုကို ဖြည့်ဆည်းရန်အတွက် အရေးပါလှပါသည်"ဟု ၎င်းက မှတ်ချက်ချသည်။

သို့ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ တိုးပွားလာနေသော လိုအပ်ချက်ကို အနည်းငယ်မျှသာ ဖြည့်ဆည်းပေးနိုင်သေးသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်အတွက် လျှပ်စစ်ဓာတ်အားဈေးကွက်ရှိ ရုပ်ကြွင်းလောင်စာ၏ ပါဝင်မှုကို လျှော့ချနိုင်ခြင်းမရှိသေးသည့်တိုင် ထိုသို့ဖြစ်လာရန် ၂၀၂၃ ခုနှစ်တွင် အဆင်သင့်ဖြစ်နေပြီဟု ယုံကြည်ခဲ့သည်။

၂၀၂၄ခုနှစ် ကမ္ဘာ့လျှပ်စစ်ဓာတ်အားဆိုင်ရာ သုံးသပ်ချက်တွင် ၂၀၂၄ ခုနှစ်အတွင်း ရုပ်ကြွင်းလောင်စာမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ပါဝင်မှုသည် ၂ ရာခိုင်နှုန်းခန့် ကျဆင်းလာမည်ဖြစ်ပြီး ယင်းမှာ ဆယ်စုနှစ်များစွာ ကြာမြင့်မည့် ကျဆင်းမှု၏အစဖြစ်လာမည်ဟု ခန့်မှန်းခဲ့ကြောင်း သိရသည်။

**Mon**




## နည်းပြ ဖရန့်လမ်းပတ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆောက်သမ်တန်အသင်း ဆွေးနွေး



**လန်ဒန် ဧပြီ ၉**

ဆောက်သမ်တန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဖရန့်လမ်းပတ်အား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဒါဘီ၊ ချဲလ်ဆီး၊ အဲဗာတန်၊ ကိုဗင်ထရီစသည့် ကလပ်အသင်းများအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆောက်သမ်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ ဖရန့်လမ်းပတ်ကလည်း ဆောက်သမ်တန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြဖရန့်လမ်းပတ်အား ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဆောက်သမ်တန်အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဓဝံ)

(NGB)

## နီကိုအိုရီလီအား မန်ချက်စတာစီးတီးအသင်း စာချုပ်သက်တမ်းတိုးမည်

**မန်ချက်စတာ ဧပြီ ၉**

မန်ချက်စတာစီးတီးအသင်းသည် အသင်းလူငယ် ကွင်းလယ်ကစားသမား နီကိုအိုရီလီအား စာချုပ်သက်တမ်းတိုးသွားမည်ဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အနာဂတ် တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "နီကိုအိုရီလီအား စာချုပ်သက်တမ်းတိုးသွားမှာပါ။ သူဟာအနာဂတ်မှာ ထွန်းတောက်လာမှာပါ။ အသင်းအနေနဲ့လည်း ကျန်ရှိနေတဲ့ ကစားသမားတွေကိုလည်း စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)





## 2025 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲ ဧပြီ ၁၄ ရက်တွင် စတင်မည်

**ဘာစီလိုနာ ဧပြီ ၉**

စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့တွင် ကျင်းပမည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲ လာမည့် ဧပြီ ၁၄ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ နော်ဝေ တင်းနစ်ကစားသမား Casper Ruud ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဖရီးကစ်မှတစ်ဆင့် နှစ်ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ဒီကလန်ရိုက်စ်မှတ်တမ်းဝင်

**လန်ဒန် ဧပြီ ၉**

အာဆင်နယ်အသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်သည် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဖရီးကစ်မှတစ်ဆင့် ၂ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမကျော့ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းအား သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ ပွဲကစားကာ ၁၁၄ ဂိုး သွင်းယူထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒီကလန်ရိုက်စ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဖရန်ကီဒီဂျောင်အား စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်း အလျှင်အမြန်စီစဉ်

**ဘာစီလိုနာ ဧပြီ ၉**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် အသင်းကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်အား စာချုပ်သက်တမ်းတိုးရန် အလျင်အမြန်စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘာစီလိုနာအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၆ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ဖရန်ကီဒီဂျောင်အား စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးနေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ဦးပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## ကာမရာ အက်စတွန်ဗီလာအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဧပြီ ၉**

အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ကာမာရာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာဆက်ရှိသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

(အောက်ပုံ)



အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ကာမာရာသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ ပွဲကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကာမာရာက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာဘဲ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ"ဟု ပြောသည်။ (NGB)

## ရပ်ရှ်ဖို့ဒ်အား ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်း ခေါ်ယူသွားဖွယ်ရှိ

**လန်ဒန် ဧပြီ ၉**

ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်အား ယခုနှစ် ဘောလုံးရာသီအကုန်တွင် ခေါ်ယူသွားဖွယ်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၂ပွဲကစားကာ ၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ် ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်း အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မန်ချက်စတာယူနိုက်တက်အသင်းထံမှ ရပ်ရှ်ဖို့ဒ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



### ယူရိုပါလိဂ် ကွာတားဖိုင်နယ်အဆင့်(ပ-ကျော့)ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၄-၂၀၂၅ ကြာသပတေးနေ့ | နံနက်၁း၁၅နာရီ | ဘိုဒိုဂလင် - လာဇီယို |
| ၁၁-၄-၂၀၂၅ သောကြာနေ့ | နံနက်၁း၃၀နာရီ | စပါး - ဖရန့်ဖတ် |
| ။ | ။ | ရိန်းဂျားစ် - ဘီလ်ဘာအို |
| ။ | ။ | လိုင်ယွန် - မန်ယူ |

### ကွန်ဖရန့်လိဂ် ကွာတားဖိုင်နယ်အဆင့်(ပ-ကျော့)ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၄-၂၀၂၅ ကြာသပတေးနေ့ | နံနက်၁း၁၅နာရီ | လီဂါဝါဆော - ချဲလ်ဆီး |
| ၁၁-၄-၂၀၂၅ သောကြာနေ့ | နံနက်၁း၃၀နာရီ | ဘက်တစ် - ဂျာဂျီယာလိုနီရာ |
| ။ | ။ | ဆဲလ်ဂျီ - ဖီအိုရင်တီးနား |
| ။ | ။ | ဂျော်ဂါးဒန်း - ရက်ပစ်ဗီယင်နာ |

# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ဆန်များ လှူဒါန်း

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော်၊ နယ်စပ်တောင်တန်းဒေသနှင့်ကမ်းရိုးတန်းဒေသဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ဆရာတော် ပဏ္ဍိတထံမှတစ်ဆင့် ပေးပို့လှူဒါန်းသည့် ငွေကျပ် ၅၅ သိန်း တန်ဖိုးရှိ ဆန်အိတ် ၅၀ ကျော်အား အလှူရှင်(VRA)ဓာတ်တော်တိုက်စင်ကာပူမှ လှူဒါန်း



ခဲ့သည်။ အလားတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးသန်းထွန်းအောင်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဆန်အလှူငွေကျပ် ငါးသိန်း၊ မန္တလေးမြို့နေ အလှူရှင် ဦးဖြိုးဇော်ဦး+မဖြိုးယုယုစိုး မိသားစုက ဆန်အလှူငွေ တစ်သိန်း၊ မန္တလေးမြို့နေ အလှူရှင် ဦးမောင်မောင်သန်း+ဒေါ်ခင်မမ၊ (ညီမ)ဒေါ်ခင်သန်းတင်တို့က ဆန်အလှူငွေကျပ် ငါးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခင်မာချိုက ဆန်အလှူငွေကျပ် နှစ်သောင်း အသီးသီး လှူဒါန်းကြရာ ဥက္ကဋ္ဌက လက်ခံရယူသည်။

အဆိုပါ ဆန်အလှူငွေဖြင့် ဘကပရဟိတ ဆောင်ရွက်နေသည့် ဘုန်းတော်ကြီးကျောင်းများနှင့် ငလျင်ဘေးဘုန်းတော်ကြီးကျောင်းများသို့ ပေးပို့လှူဒါန်းလျက်ရှိရာ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ (အနီးယာ)ဒေါ်ပုညေသီကျောင်းသို့ (၂၄)ပြည်ပါ တစ်အိတ် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဗုဒ္ဓသာဓိကာသီလဒေါ်သုဟောမာကျောင်းသို့ (၂၄) ပြည်ပါ တစ်အိတ်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ သပွတ်စုဦးနန္ဒိသေနကျောင်းသို့ (၂၄) ပြည်ပါ တစ်အိတ်၊ ချင်းပြည်နယ်၊ ခိုဒိန်ကျောင်း(မင်းတပ်) ရှင်ကေသရိန္ဒကျောင်းသို့ (၂၄)ပြည်ပါ တစ်အိတ်တို့ကို အသီးသီး ပေးလှူပြီးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၉)



# စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ ရေလှောင်ကန် လေးကန် ငွေကျပ် ၁၆၈ သိန်းဖိုး လှူဒါန်း

**မန္တလေး ဧပြီ ၉**

ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့အတွက် ငလျင်ဘေးဒဏ်သင့်လူနာများအား ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ၆ပေ×၈ပေ ဖိုက်ဘာရေလှောင်ကန်လေးကန် (တန်ဖိုးငွေကျပ် ၁၆၈ သိန်း)ကို ရှမ်းပြည် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ Shan State Joint Action Committee SS-JAC က ဧပြီ ၇ ရက်တွင် ဝယ်ယူလှူဒါန်းခဲ့သည်။

လှူဒါန်းမှုအတွက် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာမြင့်ကျော်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**စိုင်းအောင်မိန်း(မိုတိုင်း)**

# ဆောင်းသီးနှံ စားတော်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၅၂ တင်း ထွက်ရှိ

**ပွင့်ဖြူ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စားတော်ပဲသီးနှံ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စားတော်ပဲ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားတော်ပဲ ၃၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲ သီးနှံစိုက်ခင်းတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီက ဒေသတွင်းရှိ တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စားတော်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းများကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

တောင်သူများအနေဖြင့် စားတော်ပဲသီးနှံကို အရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောကြောင်း သိရသည်။(၄၄၅)



# မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် အဆိုပါ အိမ်ရာများတွင် အဆောက်အအုံများ ပျက်စီးထိခိုက်မှုများ ဖြစ်ပွားခဲ့သောကြောင့် ဧပြီ ၈ ရက် နံနက် ၁၁ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ အိမ်ရာသာယာရေး ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းအောင်က ပြောကြားရာတွင် အဆိုပါ အိမ်ရာတွင် ငါးထပ်တိုက် စုစုပေါင်း ၉၁ လုံးရှိပြီး၊ အခန်းပေါင်း ၄၃၆ ခန်း၊ ဆက်လက်လူနေထိုင်ရန် မသင့်သည့် တိုက် ၂၇ လုံးရှိ ပြည်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှုများ၊ စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းပေးလျက်ရှိသလို လက်ရှိ အိမ်ရာတွင် နေထိုင်သူများ ဘေးကင်းလုံခြုံသည့် နေရာများတွင် နေထိုင်နေကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိရာ နေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၂) ဦးညွန့်ဆန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၀၉၅)

# အင်းဝတံတား(စစ်ကိုင်း)အောက်မှ ဖြတ်သန်းခုတ်မောင်းသည့် ရေယာဉ်များအတွက် ရေလမ်းကြောင်း ယာယီပြောင်းလဲသတ်မှတ်

**မန္တလေး ဧပြီ ၉**

အင်အားပြင်းငလျင်ဒဏ်ကြောင့် အင်းဝတံတား(စစ်ကိုင်း)အောက်မှ ဖြတ်သန်းခုတ်မောင်းကြသော ရေယာဉ်များ ဘေးကင်းစေရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းကြောင်းယာယီပြောင်းလဲသတ်မှတ်လိုက်ကြောင်း အသိပေးထားသည်။

မန္တလေးနှင့် စစ်ကိုင်း အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားလာရန် ဧရာဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် တံတားနှစ်စင်းရှိရာ ယခင်တံတားဟောင်းမှာ မန္တလေးမြေငလျင်ကြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများရှိသဖြင့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းခုတ်မောင်းနိုင်ရန် ယခုကဲ့သို့ ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်သည်ဟု ဆိုသည်။

"ငလျင်ဒဏ်ကြောင့် သတ်မှတ်ရေလမ်းကြောင်းအတွင်းရှိတဲ့ တံတားခုံးတွေ ပြိုကျခဲ့လို့ မတ် ၃၁ရက်ကစပြီး ရေလမ်းပြောင်းလဲသတ်မှတ်လိုက်ပါတယ်။ ရေလယ်တိုင် အမှတ် ၅ ရဲ့ ထိပ်ပိုင်းမှာ ကွဲအက်မှုတွေ ရှိတာကြောင့်ပါ။ တံတားအောက်ကနေ ဘေးကင်းစွာ ဖြတ်သန်းနိုင်ဖို့အတွက် ဖြစ်ပါတယ်"ဟု ယင်းဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

တံတားအောက်မှ ဖြတ်သန်းရာတွင် ယခင်က သတ်မှတ်ရေလမ်းကြောင်းမှာ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် ၄ နှင့် ၅ အကြားဖြစ်ပြီး အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် ၃ နှင့် ၄ ကြားအဖြစ် သတ်မှတ်ထားရာမှ ယာယီပြောင်းလဲသည့် ရေလမ်းကြောင်းမှာ ရေလယ်တိုင် ၅ နှင့် ၆ အကြားကို အစုန်အဆန်သွားလာကြရန် သတ်မှတ်ပေးထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**





## သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးစေရေး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**အောင်လံ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးစေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝတ်ရွတ်အသင်းနှင့် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များမှ ရတနသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီ ၈ ရက် ည ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်ဓမ္မာရုံများ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ရွတ်ဖတ်ပူဇော်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝတ်ရွတ်အသင်း၊ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများနှင့် ရပ်ကွက်အတွင်းရှိ ဘုရားစေတီ၊ ဓမ္မာရုံများတွင် ဝတ်အသင်းများမှ ရတနသုတ်ပရိတ်တော်အား ကိုးခေါက် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးစေရေးအတွက် ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အာကာ(ပြန်/ဆက်)**

## သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများ နေ့စဉ် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေး

**မြစ်သား ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းများကို ဧပြီ ၈ ရက် နံနက်ပိုင်းက နေ့စဉ် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ထို့သို့ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဘုရားအကျိုးတော်ဆောင်ဂေါပကဥက္ကဋ္ဌ ဦးကံညွန့်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဘုရားစောင်းတန်းများ ပြိုကျပျက်စီးခဲ့သည့်အတွက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုရားရင်ပြင်တော်ပေါ်ရှိ ပြိုကျသွားသည့် ရှေးဟောင်းမှန်စီထားသော အုတ်ကျိုးများကို ရှင်းလင်းခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို မတ် ၂၉ ရက်မှစတင်ပြီး နေ့စဉ် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**နတ်မောက် ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ကလေးစာဖတ်ခန်းတွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ယမန်နေ့နံနက် ၉ နာရီက စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ကျောင်းသူလူငယ်များ အားလပ်သည့် အချိန်များ၌ စာကြည့်တိုက်သို့ ဝင်၊ထွက်သွားလာနိုင်ပြီး ဗဟုသုတရဖွယ် စာအုပ်၊ စာစောင်များ ငှားရမ်းဖတ်ရှုနိုင်စေရန် ဆောင်ရွက်ထားပြီး အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုံပြင်ပြောပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိသည်။ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များ စာဖတ်သည့်အလေ့အကျင့်ရရှိစေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ကြစေရန် ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များက မိမိတို့လေ့လာဖတ်ရှုသည့် စာအုပ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိက ဆုများ အသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၆၅)




တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်ရလိမ့် ။

## မိတ္ထီလာခရိုင်၌ ဆည်ရေကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၅၅၅၅ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆည်ရေကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၅၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေအပြင် စက်ရေတွင်းများဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေး လျာထားပြီး စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်၊ သင်ပုန်းဆည်၊ မင်းလှကန်၊ စမုံဆည်၊ ကင်းတားဆည်၊ တောင်ပုလုကန် ပုဂ္ဂလိကဆည်၊ ဆိုလာရေတင်နှင့် လျှပ်စစ်ရေတင်တို့ဖြင့် မိတ္ထီလာခရိုင်၏ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးဧက ၃၃၂၈၅ ဧက စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့သည်။ ထိုသို့ လျာထားသတ်မှတ်ပြီး စိုက်ပျိုးလျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် နွေစပါးစိုက်ဧက ၁၉၀၊ နွေနှမ်းစိုက်ဧက ၁၁၅ ဧက၊ မလှိုင်မြို့နယ်တွင် နွေစပါးစိုက်ဧက ၁၆၄ဧက၊ မိုးကြိုဝါစိုက်ဧက ၇၁ ဧက၊ မိုးကြိုပဲတီစိမ်းစိုက်ဧက ၃၂ ဧက တို့ကို စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။ ထို့အပြင် သာစည်မြို့နယ်တွင် နွေစပါးစိုက်ဧက ၂၅၅၊ နွေနှမ်းစိုက်ဧက ၁၄၁၊ ဝါစိုက်ဧက ၁၂၂၀ဧက၊ ဝမ်းတွင်းမြို့နယ်တွင် နွေစပါးစိုက်ဧက ၃၇၇ ဧက၊ နွေနှမ်းစိုက်ဧက ၁၅၂၂ ဧက၊ ပဲတီစိမ်းစိုက်ဧက ၁၁၃၉ ဧက၊ ငရုတ်စိုက်ဧက ၁၀၀ ဧက၊ ဝါစိုက်ဧက ၂၂၉ ဧကတို့ကို စိုက်ပျိုးထားရှိပြီးဖြစ်ရာ မိတ္ထီလာခရိုင်တွင် ဆည်ရေ၊ ကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၅၅၅၅ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။ (အောက်ပုံ) (၄၆၉)

## ဆောင်းသီးနှံစုံ တောင်သူသီးနှံစုပေါင်းရောင်းချပွဲ ပြုလုပ်ပေးသဖြင့် တောင်သူများအတွက် အဆင်ပြေ

**ပွင့်ဖြူ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများ ဆောင်းသီးနှံများအဆင်ပြေစွာ ရောင်းချနိုင်ရန်အတွက် တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ကာ မင်းဘူးမြို့နယ် စကုမြို့စင်တာဝါစက်ရုံ၌ ဆောင်းသီးနှံစုံ တောင်သူသီးနှံစုပေါင်းရောင်းချပွဲ စီစဉ်ကျင်းပပေးသဖြင့် တောင်သူများအတွက် အချိန်ကုန် လူပင်ပန်းသက်သာစွာဖြင့် သီးနှံများ ရောင်းချခွင့်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

အဆိုပါ တောင်သူသီးနှံစုပေါင်းရောင်းချပွဲကို မင်းဘူးမြို့နယ်၊ စကုမြို့စင်တာဝါစက်ရုံတွင် ယခုနှစ် မတ် ၁၂ ရက်မှစတင်ကာ တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပြီး မြင့်မြတ်တော်ဝင်ကုမ္ပဏီနှင့် GBS သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့က တောင်သူများအတွက် သင့်တင့်သော သီးနှံဈေးနှုန်းများ ရရှိစေရန်နှင့် အဆင်ပြေစွာ လာရောက်ရောင်းချနိုင်ရန် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဆောင်းသီးနှံများဖြစ်သည့် ကုလားပဲ၊ ထောပတ်ပဲနှင့် စားတော်ပဲသီးနှံများကို ဝယ်ယူလျက်ရှိကြောင်း၊ သီးနှံများ ဝယ်ယူရာ၌ အရည်အသွေး အမျိုးအစားပေါ်မူတည်၍ ဈေးကောင်းပေးဝယ်ယူလျက်ရှိပြီး ဧပြီ ၈ ရက် နံနက်ပိုင်းက မင်းဘူးမြို့နယ်၊ စကုမြို့နှင့် ပွင့်ဖြူမြို့နယ်တို့မှ သီးနှံလာရောက်ရောင်းချသူ များပြားလျက်ရှိသည်။

ယနေ့တွင် တောင်သူသီးနှံစုပေါင်းရောင်းချပွဲ၌ ဝယ်ယူလျက်ရှိသော သီးနှံဈေးနှုန်းမှာ ကုလားပဲသီးနှံ (929) မျိုး တစ်တင်းလျှင် ငွေကျပ် ၇၃၈၀၀၊ ကုလားပဲ(ဟော်လန်)မျိုးနှင့် ရေဆင်း-၁၂ မျိုး တစ်တင်းလျှင် ငွေကျပ် ၇၂၅၀၀၊ ထောပတ်ပဲတစ်တင်းလျှင် ငွေကျပ် ၇၃၈၀၀၊ စားတော်ပဲ(မြကြေးမုံ)မျိုးတစ်တင်းလျှင် ငွေကျပ် ၈၁၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်ထံမှ သိရသည်။ (၄၄၅)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်အမှတ်(၇၉) မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ ဦးခင်မောင်ဝင်း(ဘ)ဦးစံရွှေအမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသောမြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားသုံးစွဲလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းမြင့်(ဘ)လှရွှင် (၉/မရတ(နိုင်)၀၄၉၀၈၂)ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်သော်လည်းကောင်း၊ တရားရုံးဒီကရီများနှင့်သော်လည်းကောင်း ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူ မရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းသဇင်ဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၉/၁၂)** — ဖုန်း ၀၉-၄၀၂၅၈၆၀၉၆

**ဒေါ်ဝတ်ရည်လွင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၅၉/၂၃)** — ဖုန်း ၀၉-၄၄၄၄၆၂၂၇၀

**Infinity Aids Legal Firm**

၆၃(A)၊ မြဝတီမင်းကြီးလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

---

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေး၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လုံခြုံရေးအိတ်(ပလတ်စတစ်အိတ်)ဝယ်ယူခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) လျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - ၇-၄-၂၀၂၅

(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်နေ့ရက် - ၇-၅-၂၀၂၅

(ဂ) လျှောက်လွှာ(၁)စောင်နှုန်း - ၁၀၀၀ဝိ/-

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဖုန်း ၀၉-၂၀၃၅၂၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေး၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေး(၆)မြို့နယ်အတွင်း Total Station မှန်ပြောင်းကိရိယာဖြင့်မြေတိုင်းတာခြင်း၊ Digital မြေပုံထုတ်လုပ်ခြင်းများဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) လျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - ၇-၄-၂၀၂၅

(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်နေ့ရက် - ၇-၅-၂၀၂၅

(ဂ) လျှောက်လွှာ(၁)စောင်နှုန်း - ၂၀၀၀ဝိ/-

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဖုန်း ၀၉-၄၄၄၀၄၅၄၈၁၊ ၀၉-၂၅၇၄၂၄၆၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေး၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဂရန်၊ ဘိုးဘစာအုပ် ပြုလုပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အောက်ပါအတိုင်းဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) လျှောက်လွှာစတင်ရောင်းချမည့်နေ့ - ၇-၄-၂၀၂၅

(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်နေ့ - ၇-၅-၂၀၂၅

(ဂ) လျှောက်လွှာ(၁)စောင်နှုန်း - ၁၀၀၀ဝိ/-

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဖုန်း ၀၉-၂၀၃၅၂၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၄-၂၀၂၅ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၃)ပါ ဦးဇော်ဝင်းထွန်း၏ အများသိစေရန်ကြော်ငြာ၊ အကွက်အမှတ်(၄)(စ-၈)၊ ဦးပိုင်အမှတ်(၄၅)အစား၊ အကွက်အမှတ်(၅)(စ-၈)၊ ဦးပိုင်အမှတ်(၄၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၀/ဆည်တော်)၊ ဦးပိုင်အမှတ်(၈၈/၃)၊ ဧရိယာ(၁ ဒသမ ၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာ အရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မာလာဆွေ(ဘ)ဦးအောင်ခင်(၉/မရမ(နိုင်)၀၇၉၂၄၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးရဲဝင်း (LL.B)** — **အထက်တန်းရှေ့နေ**

**ဦးပြည့်ကိုကို (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မြင့်မြင့်အေး (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ချောစု (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်မဥ္ဇူမြင့် (LL.B)** — **အထက်တန်းရှေ့နေ**

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ်(၁၈၉-ဓ)၊ ဧရိယာ(၀ ဒသမ ၂၄၃၀)ဧကရှိ မြေကွက်သည် ဒေါ်ဂျာနန်းအမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းရှိ အနောက်မြောက်ဘက်အရပ်တွင်ရှိသော အနောက်ဘက်လှည့် မီးရထားလမ်း မျက်နှာပြု(၂၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်၏ပိုင်ဆိုင်ခွင့်ကို အမည်ပေါက်သူထံမှနေ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ထိလက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ဝယ်ယူသူအနေဖြင့် မိမိ၏အကျိုးအတွက် သက်ဆိုင်ရာရုံးဌာနများတွင် အမည်ပြောင်းဆောင်ရွက်ခြင်းကို ဆက်လက်၍ မိမိ၏သဘောဆန္ဒအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် လွှဲပြောင်းရောင်းချခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်ခြင်းများရှိခဲ့ပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိခဲ့ပါက အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**

**ဦးရွှေဟန်(ဘ)ဦးဝင်းရွှေ**

**၁/ဗမန(နိုင်)၀၀၀၂၃၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇင်ထက်(စဉ်-၁၁၀၈၀)**

**တရားလွှတ်တော်ရှေ့နေ**

၄၁၅N/3၊ ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၃၀၉၉၄၈၁၊ ၀၉-၂၀၀၄၈၈၅

---

## အများသိစေရန် ကြေညာခြင်း

မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ဖြူဖြူဝင်း(ခ)ကာမလက်(ရ်)ကူမာရီ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၁)ထပ်အဆောက်အအုံ၊ ရေ+မီးမီတာအပါအဝင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်ကိုဆန်း(ဘ)ဦးသိန်းရ(၉/ခမစ(နိုင်)၀၀၁၁၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**(ရှေ့နေဦးခင်မောင်ဝင်း) B.A,H.G.P,RL(II),DBL ၏တပည့်များ**

**ဦးစိုင်းဝဏ္ဏ (LL.B)** **ဦးသူရလင်း (LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**UKMW-LAW FIRM**

**အကွက်(၇၇၅)၊ ၂၈လမ်းနှင့် လမ်း၇၀ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၀၅၀၆၂၊ ၀၉-၂၅၉၁၁၁၈၇၁၊ ၀၉-၉၇၀၀၇၇၇၄၉**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မိုး(ဘ)ဦးသန်းဝင်း၊ မှတ်ပုံတင်အမှတ်(၉/ခမစ(နိုင်)၀၀၀၂၀၈)၏ နိုင်ငံကူးလက်မှတ် MC-612099 သည် မန္တလေးမြို့ပေါ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မောင်မိုး(ဘ)ဦးသန်းဝင်း**

**ဖုန်း ၀၉-၇၇၇၈၈၈၅၂၂**

---

**မီး သတိပြု။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ ငလျင်ဒဏ်ကြောင့် မျက်နှာကြက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ငလျင်ဒဏ်ကြောင့် မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ပင်မအဆောက်အအုံ အဝင်မျက်နှာကြက် ထိခိုက်ပျက်စီးမှုများ၊ ကျောက်စိမ်းခန်းမ၊ ပတ္တမြားခန်းမ၊ မြခန်းမတို့ မျက်နှာကြက်ပျက်စီးမှုများနှင့် အစည်းအဝေးခန်းမများ၊ နံရံများ အနည်းငယ်ကွဲအက်နေမှုနှင့် ပျက်စီးမှုအချို့အားလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကုန်းချောတမံ အက်ကွဲကြောင်းများအား ယာယီပြုပြင်ထားရှိမှု၊ အက်ကွဲကြောင်းများ အတွင်းသဲနှင့်မြေသားဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် မြေသားစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်အောင်မြင်ဆည်ဆိုင်ရာ အချက်အလက်များနှင့် ဆည်တမံကြံ့ခိုင်မှုနှင့် ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုရှိခဲ့သည့် ကုန်းချောတမံအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများကို စိမ်းစိုသည်အထိ ဆောင်ရွက်သွားရန်၊ စိုက်ပျိုးထားသည့် သစ်ပင်များကို ရှင်သန်အောင် ပြုပြင်ထိန်းသိမ်းသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ် အားကစားကွင်း၌

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ ငလျင်ဒဏ်ကြောင့် နံရံများ အနည်းငယ်ကွဲအက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့တွင် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ နိုင်ပွဲကိုယ်စီရယူ



**လန်ဒန် ဧပြီ ၉**

ဥရောပချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြ ရာ ဘာစီလိုနာအသင်းက ဒေါ့မွန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၂၅မိနစ်တွင် ရာဖင်ဟာ၊ ပွဲချိန် ၄၈မိနစ်နှင့် ၆၆မိနစ်တွင် လီဝန်ဒေါ့စကီး၊ ပွဲချိန် ၇၇မိနစ်တွင် ယာမဲလ်တို့က သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ပီအက်စ်ဂျီအသင်းနှင့် အက်စတွန်ဗီလာအသင်းတို့ ပွဲစဉ်တွင်လည်း ပီအက်စ်ဂျီအသင်းက အက်စတွန်ဗီလာအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ဒူအေ၊ ပွဲချိန် ၄၉မိနစ်တွင် ခါဗာရာဆကယ်လီယာ၊ ပွဲချိန် (၉၀+၂)မိနစ်တွင် နူနိုမန်ဒက်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဥရောပချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အား လာမည့် ဧပြီ ၁၆ရက်တွင် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0